# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက် | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၀၂၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၅/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၅/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၅/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

**နိုင်ငံတကာအနေဖြင့် မြန်မာနိုင်ငံ၏အခြေအနေကို ယခုထက် ပိုမိုကောင်းမွန်စေလိုလျှင် ပိုမိုပူးပေါင်းဆောင်ရွက်သင့်၊ အကြမ်းဖက်အဖွဲ့အစည်းများကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်အားပေးနေခြင်းသည် ပြည်သူတို့၏ဆန္ဒဖြစ်သော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နှောင့်နှေးသွားနိုင်**

**ယနေ့** ဖတ်စရာ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ သီတင်းကျွတ်ပိတ်ရက်ကာလအတွင်း ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားခရီးစဉ်များ ပြေးဆွဲပေးသွားမည် — ပြည်တွင်းသတင်း စာ ၈

ကမ္ဘာတစ်ဝန်း ရွှေ့ပြောင်းနေထိုင်သူ ၁၁၄ သန်းအထိ စံချိန်တင်များပြားလာကြောင်း ကုလပြော — နိုင်ငံတကာသတင်း စာ ၁၅

ငြိမ်းချမ်းသာယာဝပြောသော အနာဂတ်ကို အတူတကွ မျှဝေတည်ဆောက် — ဆောင်းပါး စာ ၁၆

မြန်မာ့အလင်း

## လိုလျှင်တစ်မျိုး၊ မလိုလျှင်တစ်မျိုး

ယနေ့ကမ္ဘာတွင် လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အကျယ်လောင်ဆုံး ထုတ်ဖော်ပြောဆိုနေကြသည့် နိုင်ငံများမှာ အတိတ်ကာလက ကမ္ဘာတစ်ခွင်နယ်ချဲ့ဝါဒဖြင့်လွတ်လပ်သည့်နိုင်ငံများကို ကျူးကျော်သိမ်းပိုက်ခဲ့ကြသည့် ကိုလိုနီအင်ပါယာရှင် နိုင်ငံဟောင်းများ၊ လူ့အခွင့်အရေးကို အကြီးအကျယ်ချိုးဖောက်ခဲ့သည့် နိုင်ငံများသာ ဖြစ်ကြသည်ကို တွေ့ရှိနိုင်သည်။ ထို့အပြင် အဆိုပါနိုင်ငံများသည် လူ့အခွင့်အရေးဟူသော ခေါင်းစဉ်ကို လက်နက်သဖွယ် စွဲကိုင်၍ အုပ်စုဖွဲ့လှုပ်ရှားကာ ၎င်းတို့လိုလားသည့် နိုင်ငံများအပေါ်တွင် စံတစ်မျိုး၊ ၎င်းတို့မလိုလားသည့် နိုင်ငံများအပေါ်တွင် စံတစ်မျိုး ဟူ၍ စံနှုန်းမျိုးကိုလည်း ခွဲခြားကျင့်သုံးကြသေးသည်။

အနောက်အုပ်စုနိုင်ငံများဟု ကမ္ဘာကသိကြသည့် အဆိုပါနိုင်ငံများ၏ စံနှုန်းမျိုးကျင့်သုံးမှုနှင့် စပ်လျဉ်း၍ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ထုတ်ဖော်ပြောကြားသူမှာ ဂျော်ဒန်နိုင်ငံမှ ဘုရင်မကြီး ရာနီယာဖြစ်သည်။ အောက်တိုဘာ ၇ ရက်နေ့တွင် ဟားမားစ်တို့ အစ္စရေးကို တိုက်ခိုက်မှုအပေါ် အနောက်အုပ်စုက ပြတ်ပြတ်သားသား ရှုတ်ချကာ အစ္စရေးဘက်မှ ရပ်တည်ခဲ့ကြပြီး အစ္စရေးက ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့ရာတွင်လည်း ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့်အဖြစ် ဝိုင်းဝန်းထောက်ခံခဲ့ကြပုံနှင့် ၎င်းဖြစ်ရပ်မတိုင်မီ ရက်သတ္တပတ် အနည်းငယ်အတွင်း အစ္စရေးက ဂါဇာမှ အရပ်သားများကို သတ်ဖြတ်မှုအပေါ် မသိကျိုးကျွန်နှုတ်ဆိတ်နေခဲ့ကြပုံတို့ကို ဂျော်ဒန်ဘုရင်မကြီး ရာနီယာက နှိုင်းယှဉ်ပြောကြားခဲ့ခြင်းဖြစ်သည်။

အခြားကမ္ဘာ့သတင်းတစ်ပုဒ်တွင်မူ အမေရိကန်အစိုးရက ယူကရိန်းအား ဒေါ်လာသန်း ၈၀၀ ဖိုး စစ်ရေးအကူအညီများ နောက်ထပ်ပေးအပ်သွားမည်ဟု ကြေညာခဲ့ရာတွင် အမေရိကန် ဥပဒေအရ တားမြစ်ထားသည့် ကလတ်စတာဗုံးခေါ် ဗုံးပဒေသာများလည်း ပါဝင်နေခြင်းဖြစ်သည်။ အဆိုပါ ဗုံးအမျိုးအစားကို ဗီယက်နမ်စစ်ပွဲကာလအတွင်း အမေရိကန်နိုင်ငံက အသုံးပြုရာ လာအိုနိုင်ငံကို ကြဲချခဲ့သည့် ဗုံးတန်ချိန် နှစ်သန်းကျော်တွင်လည်း ကလတ်စတာဗုံးများ ပါဝင်ခဲ့သည်။ ယင်းအနက်မှ ကလတ်စတာဗုံး အရေအတွက် သန်း ၈၀ ခန့် မပေါက်မကွဲဘဲ ကျန်ရစ်ခဲ့ရာ ယခုအချိန်အထိ ၎င်းဗုံးများနှင့် မတော်တဆ ထိတွေ့မိသူ ၂၀၀၀၀ ကျော် သေဆုံးခဲ့ပြီး လူအမြောက်အမြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြရသည်။ ဥပဒေဖြင့် တားမြစ်ထားပြီး ၂၀၀၈ ခုနှစ်မှစတင်ကာ ချိပ်ပိတ်သိမ်းဆည်းခဲ့သည့် ကလတ်စတာဗုံးများကို စစ်ပွဲတွင် အသုံးပြုရန် ပြန်လည်ပွဲထုတ်လာခြင်းက လိုလျှင်တစ်မျိုး၊ မလိုလျှင်တစ်မျိုး စံနှုန်းကို ကျင့်သုံးခြင်းပင်ဖြစ်သည်။

အမေရိကန်၏ နောက်လိုက် အပေါင်းပါ နိုင်ငံဖြစ်သော ဗြိတိန်သည်လည်း အာဖဂန်နစ္စတန်နိုင်ငံတွင် ၎င်းတို့ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးများအတွင်း ကလေးများအပါအဝင် အရပ်သားများ သေဆုံးခဲ့မှုအပေါ် ထိမ်ချန်မှုများရှိခဲ့သည်။ ၂၀၀၆ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဗြိတိန်စစ်တပ်က လေကြောင်းတိုက်ခိုက်မှုနှင့် ပစ်ခတ်မှုများ ပြုလုပ်ခဲ့ရာတွင် အာဖဂန်နစ္စတန် ကလေးငယ် ၆၄ ဦး သေဆုံးခဲ့ကြောင်း ဗြိတိန်အစိုးရက ပြောကြားခဲ့သော်လည်း ၎င်းအရေအတွက်သည် လျှော့ချထားခြင်းဖြစ်သည်ဟု ယုံကြည်ကြောင်းနှင့် အမှန်တကယ်သေဆုံးသည့် ကလေးအရေအတွက် ၁၃၅ ဦးအထိရှိနိုင်ကြောင်း လက်နက်ကိုင်အကြမ်းဖက်မှုအရေးယူဆောင်ရွက်ရေး ပရဟိတအဖွဲ့တစ်ဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။ အမေရိကန်ဦးဆောင်သည့် အနောက်အုပ်စုနိုင်ငံများ၏ အခြားနိုင်ငံများအပေါ် စွက်ဖက်မှု၊ ကျူးကျော်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများစွာတို့မှာ ရေး၍မကုန်နိုင်သလို စံနှစ်မျိုးကျင့်သုံးမှုတို့မှာလည်း ကုန်နိုင်ဖွယ်မရှိ။

မိမိတို့နိုင်ငံနှင့်စပ်လျဉ်း၍ မှုအထင်ရှားဆုံးမှာ ARSA အကြမ်းဖက်သမားများက ရဲစခန်း ၃၀ ကျော်နှင့် တပ်မတော်တို့ကို သာလွန်အင်အားစုဖွဲ့ တိုက်ခိုက်ခဲ့ခြင်းကြောင့် မြန်မာ့တပ်မတော်က တုံ့ပြန်တိုက်ခိုက်ခဲ့ရာတွင် လူ့အခွင့်အရေးအကြောင်းပြကာ အနောက်အုပ်စုက ဝိုင်းအော်ခဲ့ကြခြင်းနှင့် ယခု အစ္စရေး – ပါလက်စတိုင်း အရေးအခင်းတွင် အနောက်အုပ်စု၏တုံ့ပြန်ကြပုံ စံနှစ်မျိုးကို နှိုင်းယှဉ်ကြည့်နိုင်သည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို အခြေခံ၍ ကျင်းပသည့် ၂၀၁၀ နှင့် ၂၀၁၅ ရွေးကောက်ပွဲရလဒ်များကို အသိအမှတ်ပြုခဲ့ကြသော်လည်း ၂၀၂၀ ရွေးကောက်ပွဲမဲမသမာမှုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာ၍ တာဝန်ယူခဲ့ခြင်းအပေါ် အသိအမှတ်ပြုမှု မရှိခြင်းပင်ဖြစ်သည်။

စင်စစ်အနောက်အုပ်စု၏ လိုလျှင်တစ်မျိုး၊ မလိုလျှင်တစ်မျိုး ဟူသော စံနှစ်မျိုးသည် နယ်ချဲ့ဝါဒီနိုင်ငံဟောင်းတို့၏ ကြီးနိုင်ငယ်ညှဉ်းလိုသော၊ ဗိုလ်ကျစိုးမိုးလိုသော ဗီဇစရိုက်မှ ပေါ်ထွက်လာသည့်အပြုအမူဆိုးဟုသာ ဆိုရမည်ဖြစ်ပါကြောင်း။ ။



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပါတီဝင်အင်အားများကို ဥပဒေနှင့်အညီ စုဆောင်းထူထောင်ခြင်းဖြင့် မိမိဒေသအကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြား

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ပြည်မြို့ မြို့တော်ခန်းမ၌ နိုင်ငံရေးပါတီ ၆ ပါတီမှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပါတီဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များကို တွေ့ဆုံ၍ ပါတီဝင်အင်အားများ စုဆောင်းမှုကအစ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများ အပါအဝင် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ထူထောင်ဆောင်ရွက်ခြင်းဖြင့် မိမိဒေသအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးနိုင်သည့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် လည်းကောင်း၊ နည်းဥပဒေများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်း စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီဝင်အင်အား အနည်းဆုံး ၁၀၀၀၀၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းသာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို မှတ်ပုံတင်ခွင့်ပြုချက်ရရှိပြီးသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း စုဆောင်းရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ ထို့အတူ မှတ်ပုံတင်ခွင့် ရသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ဥပဒေအရ အနည်းဆုံး သတ်မှတ်ထားသည့် ရုံးခန်းအရေအတွက်ကို ဖွင့်လှစ်ရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ကာလအတွင်း အနည်းဆုံးစည်းရုံးရမည့် ပါတီဝင်ဦးရေမပြည့်မီခြင်း၊ သတ်မှတ်ကာလအတွင်း ရုံးခန်းဖွင့်လှစ်နိုင်ခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်ရှိမည် မဟုတ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံရေးပါတီများကို ကော်မရှင်မှ စိစစ်ရခြင်းမှာ နိုင်ငံရေးပါတီများသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံ၍ နိုင်ငံ၏အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်မည့်သူများ ဖြစ်လာမည်ဖြစ်၍ ဥပဒေနှင့်ညီညွတ်သည့် ခိုင်မာအားကောင်းသော ပါတီထူထောင်မှုရရှိစေရန်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၏ အမှတ်စဉ် (၅) ပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်စာရင်းများ မှန်မှန်ကန်ကန်ဖြစ်စေရေး၊ မဲမသမာမှုများ မဖြစ်စေရေးအတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်များမှ ပညာရှင်များ၏ နည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီရယူပြီး CVLMS (Central Voter List Management System) ဆော့ဝဲလ်အပါအဝင် အဆင့်မြင့် အိုင်တီနည်းပညာများ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကို မြန်မာနိုင်ငံမှ ပညာရှင်များ၏အကူအညီဖြင့် တီထွင်ပြုလုပ်ခဲ့ပြီး ယခုအခါ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ပြည်သူများကို လက်တွေ့စမ်းသပ်မဲပေးနိုင်ရန် ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများက ပါတီဝင်အင်အားစာရင်းများ မှန်ကန်စေရေးအတွက် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၊ ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) တို့မှ တိုင်းဒေသကြီး ပါတီကော်မတီဥက္ကဋ္ဌများက ပါတီအလိုက် အင်အားစာရင်းများ ဥပဒေနှင့်အညီ မှန်ကန်စေရေးအတွက် စစ်ဆေးဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အရာရှိများ၊ ပဲခူးတိုင်းဒေသကြီးအတွင်း စည်းရုံးဆောင်ရွက်မည့် ပါတီဝင်အင်အားစာရင်း တင်ပြထားသည့် နိုင်ငံရေးပါတီ ၆ ပါတီမှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပါတီကော်မတီဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် သင်တန်းများဖွင့်လှစ်ရန် ရက်ပြောင်းလဲသတ်မှတ်

**နေပြည်တော် အောက်တိုဘာ ၂၆**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် ပထမနှစ်မှ စတုတ္ထနှစ်အထိ ဘွဲ့ကြိုတန်းများနှင့် မဟာဝိဇ္ဇာတန်းများအား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း နေ့စဉ်ထုတ်သတင်းစာများ၌ ကြေညာခဲ့သော်လည်း ယခုအခါ အခြားတက္ကသိုလ်များနှင့် တစ်ပြေးညီဖြစ်စေရေး ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှစ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

❖ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်တွင် နိုင်ငံရေး အနှစ်သာရရှိရှိ၊ အဓိပ္ပာယ်ပြည့်ဝခမ်းနားထည်ဝါစွာဖြင့် ကျင်းပနိုင်ခဲ့

❖ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ရပ်တည်ဆောင်ရွက်လျက်ရှိ

❖ နိုင်ငံတစ်နိုင်ငံတွင် အခြေခံဥပဒေသည် နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေဖြစ်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အာမခံချက်တစ်ခုဖြစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ဆောင်ရွက်၍ မရ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ကို အခြေခံပြီး ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာသည့်နိုင်ငံရေးပါတီများသာ ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ရခြင်းဖြစ်

❖ *ရှေ့ဖုံးမှ*

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်နေ့တွင် နိုင်ငံရေးအနှစ်သာရရှိရှိ၊ အဓိပ္ပာယ်ပြည့်ဝခမ်းနားထည်ဝါစွာဖြင့် ကျင်းပနိုင်ခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈) နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်တွင် နိုင်ငံရေးအနှစ်သာရရှိရှိ၊ အဓိပ္ပာယ်ပြည့်ဝခမ်းနားထည်ဝါစွာဖြင့် ကျင်းပနိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ရပ်တည်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် NCA နှစ်ပတ်လည်မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်အတွက် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့ကို သုံးသပ်၍ အဓိပ္ပာယ်ပြည့်ဝပြည့်စုံစွာ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း။

EAO များအား NCA စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို ၂၀၁၁ ခုနှစ်ကတည်းက စတင်ခဲ့ကြောင်း၊ စတင်ဖိတ်ခေါ်၍ ငြိမ်းချမ်းရေး ဆွေးနွေးရာတွင် ဒို့တာဝန်အရေး(၃)ပါးကိုမထိခိုက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို လေးစားလိုက်နာရန် ပြောကြားခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးနိုင်ရေး စတင်ဆွေးနွေးချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များအနေဖြင့် စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ NCA စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် EAO အဖွဲ့များပါဝင်သည့် ပထမဦးဆုံးအစည်းအဝေးကို ကချင်ပြည်နယ် လိုင်ဇာ၌ ကျင်းပခဲ့ကြောင်း၊ ထို့နောက် ကရင်ပြည်နယ် လော်ခီးလာ၌ ကျင်းပခဲ့ကြောင်း၊ ထိုသို့ အစည်းအဝေးများ၊ တွေ့ဆုံမှုများ အကြိမ်များစွာပြုလုပ်ပြီးမှ ငြိမ်းချမ်းရေးဦးဆောင်ဖော်ဆောင်သူများ၊ တပ်မတော်ကိုယ်စားလှယ်အဖွဲ့များ၊ အရပ်ဘက်ကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်းပြီးချိန်တွင် NCA စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ NCA စာချုပ်သည် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကိုယ်တိုင် ပြည်တွင်း၊ ပြည်ပ သက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားပြီး ပြည်ထောင်စုလွှတ်တော်မှအတည်ပြု၍ နိုင်ငံတော်မှအာမခံချက်ပေးထားသည့် ခိုင်မာသော စာချုပ်တစ်ခုဖြစ်ကြောင်း၊ NCA ၌ နှစ်ဖက်စလုံးအတွက် လိုအပ်ချက်များရှိနေသော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံတော်အကြား လိုလားချက်များကို ညှိနှိုင်းဆွေးနွေးခြင်းအားဖြင့် ဆောင်ရွက်ကြမည်ဟု ကောင်းမွန်သည့်စိတ်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ NCA သဘောတူစာချုပ်သည် တိုင်းရင်းသားများလိုလားချက်များကို အခြေခံပြီး ရေးဆွဲခဲ့သည့် စာချုပ်၊ သဘောတူညီခဲ့သည့် စာချုပ်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ လိုလားချက်များအပေါ် နိုင်ငံတော်က ကတိကဝတ်အနေဖြင့် ပေးထားသည့် စာချုပ်တစ်ခုပင်ဖြစ်ကြောင်း။

**အမျိုးသားရေးထက်အရေးကြီးသည်မှာ ဘာမျှမရှိဆိုသည့်အတိုင်း နိုင်ငံကိုတာဝန်ယူဆောင်ရွက်ချိန်တွင် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အခြေခံ၍ ဆောင်ရွက်နေ**

နိုင်ငံတစ်နိုင်ငံတွင် အခြေခံဥပဒေသည် နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေဖြစ်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အာမခံချက်တစ်ခုဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ဆောင်ရွက်၍ မရကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အခြေခံပြီး ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာသည့်နိုင်ငံရေးပါတီများသာ ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို အခြေခံ၍ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များကို နိုင်ငံတကာအနေဖြင့် အသိအမှတ်ပြုခဲ့ကြောင်း၊ ထိုသို့ အသိအမှတ်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ တက်လာသည့် အစိုးရကိုအသိအမှတ်ပြုခြင်း၊ တစ်နည်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ကို အသိအမှတ်ပြုခြင်းပင်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲမကျင်းပမီ နိုင်ငံရေးပါတီများအနေဖြင့် မိမိထံ လာရောက်တွေ့ဆုံ၍ မဲဆွယ်စည်းရုံးမှုများနှင့်ပတ်သက်ပြီး ညီမျှမှုမရှိသည်ကို အသိပေးပြောကြားခဲ့ကြောင်း၊ မိမိအနေဖြင့် ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး အကြိမ်ကြိမ်ပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲ၌ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆန္ဒမဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ဆန္ဒမဲပေးမှုများကို အလေးထားဆောင်ရွက်ခဲ့ကြောင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် တိုင်းပြည်အတွက် နိုင်ငံရေးအဆုံးအဖြတ်ပေးသည့် ကိစ္စရပ်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၏ မဲစာရင်းမှားယွင်းမှုများနှင့်ပတ်သက်၍ တွေ့ရှိချက်များကို သက်ဆိုင်ရာကော်မရှင်ရုံး၊ အစိုးရအဖွဲ့၊ လွှတ်တော်၊ တရားရုံးချုပ် တာဝန်ရှိသူများထံသို့ ဖြေရှင်းပေးရန်အတွက် ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုမရှိသည့်အပြင် မဲမသမာမှုများဖြင့် အနိုင်ရရှိလာသည့် အရွေးချယ်ခံကိုယ်စားလှယ်များနှင့် လွှတ်တော်ခေါ်ယူရေး ကြိုးပမ်းဆောင်ရွက်လာခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အချို့ပြည်ပနိုင်ငံများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို အခြေခံ၍ ကျင်းပသည့် ရွေးကောက်ပွဲများကို အသိအမှတ်ပြုခဲ့သော်လည်း မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်ကိုအရေးပေါ်အခြေအနေကြေညာ၍ တာဝန်ယူခဲ့ခြင်းအပေါ် အသိအမှတ်ပြုမှုမရှိခဲ့သည်မှာ ရှေ့နောက်မညီသည့်ပြောဆိုမှုနှင့် စံနှစ်မျိုးကျင့်သုံးခြင်း (Double Standard) များပင်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အစိုးရအဖွဲ့ကို ဖွဲ့စည်းချိန်တွင်လည်း တပ်မတော်မှ အတွေ့အကြုံရှိပြီးဖြစ်သည့် အရာရှိကြီးများနှင့် အရပ်ဘက်မှ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များအလိုက် ကျွမ်းကျင်မှုရှိပြီး အတွေ့အကြုံရှိသူများကို မျှတစွာဖြင့် ထည့်သွင်းဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် လျှောက်လှမ်းလျက်ရှိပြီး တိုင်းပြည်ကောင်းအောင်အတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အချို့ ပြည်ပနိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအပေါ်တွင် ပိတ်ဆို့အရေးယူမှုများပြုလုပ်ခြင်းနှင့် ဝင်ရောက်စွက်ဖက်မှုများကို ယခင်ကလည်း ပြုလုပ်ခဲ့သကဲ့သို့ ယခုအချိန်အထိလည်း ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

မြန်မာ့နိုင်ငံရေးဖြစ်စဉ်သမိုင်းသည် “ **ကြက်ဥအရောင် တိမ်တောင်သဖွယ်၊ မင်းရေးကျယ်** ” ဆိုသကဲ့သို့ ရှုပ်ထွေးမှုများရှိကြောင်း၊ လွတ်လပ်ရေးမရမီကတည်းက ရှုပ်ထွေးအောင် ကြိုတင်ဆောင်ရွက်မှုများလည်း ရှိနိုင်ကြောင်း၊ နိုင်ငံ့လွတ်လပ်ရေးကို ဦးစားပေးစဉ်းစားရချိန်နှင့် အချိန်ကန့်သတ်ချက်များကြောင့် အနာဂတ်ပြည်ထောင်စု နိုင်ငံတော်အရေးနှင့် နိုင်ငံရေးလမ်းစဉ်များကို ထိုအချိန်က အမျိုးသားရေးနှင့် နိုင်ငံရေး ဦးဆောင်နေသည့် ခေါင်းဆောင်များ၏ စိတ်ကြိုက်ချမှတ်နိုင်ခြင်းမရှိခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးချိန်တွင်လည်း ၎င်းအတိုင်းပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ ဝင်ရောက်စွက်ဖက်မှုများကို အမေရိကန်ဦးဆောင်သည့် အနောက်အုပ်စုမှ စဉ်ဆက်မပြတ်ပြုလုပ်ခဲ့မှုများရှိကြောင်း၊ မြန်မာနှင့်အမေရိကန်သည် ရန်ဘက်နိုင်ငံများ မဟုတ်ကြောင်း၊ စစ်ဖြစ်ပွားဖူးခြင်းလည်း မရှိကြောင်း၊ ယုတ်ဆွအဆုံး အရှေ့တောင် အာရှတွင် အမေရိကန်ကျူးကျော်မှုကြောင့် ဖြစ်ပွားခဲ့သော ဗီယက်နမ်စစ်ပွဲ၌ပင် မြန်မာတို့ပါဝင်ပတ်သက်မှုမရှိခဲ့ကြောင်း၊ သို့သော် ယနေ့ကာလအထိ အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ရန်သူသဖွယ် သဘောထားခြင်းမှာ ကြီးမားသောနောက်ခံအကြောင်းရှိကြောင်း၊ အရှေ့တောင်အာရှဒေသတွင် အမေရိကန်ဦးဆောင်သော SEATO အဖွဲ့ကို ၁၉၅၄ ခုနှစ်တွင်ဖွဲ့စည်းခဲ့ကြောင်း၊ ၎င်းအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ အရှေ့တောင်အာရှဒေသအတွင်း ကွန်မြူနစ်စနစ် မပြန့်ပွားရေးပင်ဖြစ်ကြောင်း၊ ၁၉၇၇ ခုနှစ်၊ ဇွန်လမှ ၎င်းအဖွဲ့ကို ဖျက်သိမ်းခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေပါ ပြည်နယ်များခွဲထွက်ခွင့်၊ ၎င်းအပေါ်မူတည်၍ ၁၉၆၁ –၁၉၆၂ ခုနှစ်တွင် ဖြစ်လာသည့် ပြည်နယ်များ၏ တောင်းဆိုမှုများကို SEATO ဖြစ်စဉ်နှင့် ဆက်စပ်ကြည့်ပါက မြန်မာ့နိုင်ငံရေး၏ ရှုပ်ထွေးမှုကို သဘောပေါက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ ၎င်းတို့ဖြစ်စေချင်သည့်အတိုင်း မဖြစ်သည့်အခါ *စာမျက်နှာ ၄ သို့*

❖ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် တိုင်းပြည်အတွက် နိုင်ငံရေး အဆုံးအဖြတ်ပေးသည့် ကိစ္စရပ်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ရန်လို

❖ မိမိတို့အနေဖြင့် ပြည်သူများ၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ပေါ်တွင် ခိုင်ခိုင်မာမာဖြင့် လျှောက်လှမ်းလျက်ရှိပြီး တိုင်းပြည်ကောင်းအောင်အတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်၊ အချို့ ပြည်ပနိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအပေါ် တွင် ပိတ်ဆို့အရေးယူမှုများပြုလုပ်ခြင်းနှင့် ဝင်ရောက်စွက်ဖက်မှုများကို ယခင်က လည်း ပြုလုပ်ခဲ့သကဲ့သို့ ယခုအချိန်အထိလည်း ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရ

❒ **ယခုလက်ရှိအခြေအနေတွင်လည်း အမေရိကန်ဦးဆောင်သော အုပ်စု၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံကို ထိန်းချုပ်နိုင်ရေး (China Containment Policy) ပင်ဖြစ်၊ ထို့ကြောင့် မြန်မာနိုင်ငံ၌ ၎င်းတို့လိုလားသော အစိုးရ/အုပ်စု အာဏာရရှိရေးကို တစိုက်မတ်မတ်ဆောင်ရွက်ခြင်းဖြစ်**

❒ **မိမိတို့နိုင်ငံသည် နိုင်ငံရေးကိစ္စရပ်များ ဆောင်ရွက်ရာ၌ သတိထား ဆောင်ရွက်ရသည့် နိုင်ငံတစ်ခုဖြစ်သည်ကို သမိုင်းတွင် တွေ့မြင်နိုင်မည်ဖြစ်၊ မိမိတို့အနေဖြင့် အမျိုးသားရေးထက် အရေးကြီးသည်မှာ ဘာမျှမရှိဆိုသည့်အတိုင်း နိုင်ငံကို တာဝန်ယူဆောင်ရွက်ချိန်တွင် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကိုအခြေခံ၍ ဆောင်ရွက်နေခြင်းပင်ဖြစ်**

စာမျက်နှာ ၃ မှ

ယင်းကဲ့သို့မဖြစ်အောင် ကာကွယ်နိုင်သည့် အင်အားစုများကို ရန်ပြုခြင်းမှာ မြင်သာသည့် အကြောင်းအရာပင်ဖြစ်ကြောင်း။

ယခုလက်ရှိအခြေအနေတွင်လည်း အမေရိကန်ဦးဆောင်သော အုပ်စု၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံကို ထိန်းချုပ်နိုင်ရေး (China Containment Policy) ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၌ ၎င်းတို့လိုလားသော အစိုးရ/အုပ်စု အာဏာရရှိရေးကို တစိုက်မတ်မတ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မရရှိခဲ့ပါက မြန်မာနိုင်ငံ၌ ကမ္ဘာပေါ်င်းစုံ မငြိမ်မသက်ဖြစ်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံကိုယ်တိုင်က အကြမ်းဖက်အဖွဲ့များကို ခေါင်းစဉ်အမျိုးမျိုး၊ အကြောင်းအမျိုးမျိုးဖြင့် ကူညီနေကြောင်း၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား စသောနိုင်ငံများသည် သမိုင်းအစဉ်အလာအရ ရင်းနှီးသောမိတ်ဆွေနိုင်ငံများဖြစ်ကြောင်း၊ သို့သော် အမေရိကန်၏ဩဇာလွှမ်းမိုးမှုကို မလွန်ဆန်နိုင်သော နိုင်ငံများက မိမိတို့နိုင်ငံအပေါ် ကုန်သွယ်မှု၊ ဘဏ္ဍာရေး၊ နိုင်ငံခြားရေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြကြောင်း၊ မိမိတို့သည် ဘဏ်စနစ်တစ်ခုဖြင့်သာ ရှင်သန်ရပ်တည်ကုန်သွယ်နေသည့် နိုင်ငံမဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်း မိတ်ဆွေနိုင်ငံများနှင့် လက်တွဲဆောင်ရွက်ခဲ့ရကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးနှင့် ကုန်သွယ်မှုကိစ္စများ၌ ငွေကြေးစနစ်တစ်ခုတည်းအပေါ်တွင်သာ မှီခိုအားထားမှုမပြုဘဲ ငွေကြေးစနစ်အမျိုးမျိုးဖြင့် အသုံးပြုနိုင်မှုအပေါ် နိုင်ငံတကာက အလေးထားလာသကဲ့သို့ မိမိတို့လည်း ဆောင်ရွက်နေကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့် အိမ်နီးချင်းမိတ်ဆွေနိုင်ငံများနှင့် ပိုမိုချစ်ကြည်ရင်းနှီးရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် နိုင်ငံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၎င်းကိစ္စများကိုသိရှိထားပြီး အရှည်မျှော်တွေး၍ ချင့်ချိန်ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့နိုင်ငံသည် နိုင်ငံရေးကိစ္စရပ်များ ဆောင်ရွက်ရာ၌ သတိထား ဆောင်ရွက်ရသည့် နိုင်ငံတစ်ခုဖြစ်သည်ကို သမိုင်းတွင် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသားရေးထက် အရေးကြီးသည်မှာ ဘာမျှမရှိဆိုသည့်အတိုင်း နိုင်ငံကိုတာဝန်ယူဆောင်ရွက်ချိန်တွင် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကိုအခြေခံ၍ ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ကောင်စီဝင်များ အနေဖြင့် သက်ဆိုင်ရာဒေသအလိုက် အတွေ့အကြုံရှိပြီးသူများဖြစ်သဖြင့် နိုင်ငံရေးအခြေအနေအရပ်ရပ်ကို သုံးသပ်ဆောင်ရွက်သွားရန်လိုကြောင်း။

## ချမှတ်ထားသည့် ရည်မှန်းချက်များနှင့် ဦးတည်ချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်

မိမိတို့အစိုးရအနေဖြင့် တိုင်းပြည် သာယာဝပြောရေးနှင့် စား၊ ရေရိက္ခာဖူလုံရေးကို အမျိုးသားရေး ရည်မှန်းချက် ၂ ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက် ၂ ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ရပ်ကို ချမှတ်ထားကြောင်း၊ NCA နှင့်ပတ်သက်၍ ပိုမိုခိုင်မာအောင် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ထဲတွင် ထည့်သွင်းထားကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍လည်း အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထည့်သွင်းထားပြီး ပါတီစုံဒီမိုကရေစီစနစ်အတွက် တိုင်းသိပြည်သိ အာမခံထားပါကြောင်း။

နိုင်ငံတကာအနေဖြင့် မြန်မာနိုင်ငံ၏အခြေအနေကို ယခုထက် ပိုမိုကောင်းမွန်စေလိုလျှင် ပိုမိုပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်အားပေးနေခြင်းသည် ပြည်သူတို့၏ဆန္ဒဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နှောင့်နှေးသွားနိုင်ကြောင်း။

## မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်ရန်၊ တိုင်းပြည်ကိုချစ်သည့် စိတ်များရှိရန်လို

မကြာမီအချိန်က (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မိမိအနေဖြင့် တက်ရောက်အားပေးခဲ့ကြောင်း၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်ရန်၊ တိုင်းပြည်ကိုချစ်သည့်စိတ်များ ရှိရန်လိုပါကြောင်း၊ ယဉ်ကျေးမှုရှိမှသာ တိုင်းပြည်ချစ်စိတ်များ နိုးကြားလာမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာမှုယဉ်ကျေးမှုများကိုသာမက တိုင်းရင်းသားယဉ်ကျေးမှု အက၊ အဆို၊ အတီးများကိုလည်း အားပေးဆောင်ရွက်သွားရန်နှင့် ဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားများ၏ စာပေယဉ်ကျေးမှုများ မပျောက်မပျက်အောင် ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်မှုများရှိသကဲ့သို့ ကိုယ်တိုင်ဆောင်ရွက်ရမှုများလည်း ရှိကြောင်း၊ ထို့ကြောင့် ဝိုင်းဝန်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

အင်းလေးဖောင်တော်ဦးဘုရားပွဲသည် တစ်နိုင်ငံလုံးက စိတ်ပါဝင်စားသည့် ပွဲတစ်ပွဲဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း တက်ရောက်ခဲ့ကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့ဒေသအလိုက် ထင်ရှားသည့်အခမ်းအနားများနှင့် ပြည်သူအများနှင့် သက်ဆိုင်သည့်ပွဲများကိုလည်း တက်ရောက်အားပေးကြစေလိုကြောင်း၊ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ဒေသအလိုက် သွားရောက်ဆောင်ရွက်ပေးကြစေလိုကြောင်း။

စီးပွားရေးတိုးတက်မှု၌ လိုအပ်ချက်ရှိနေခြင်းနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုများ အားနည်းခြင်းကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ပြီး ရောင်းချရာတွင် ကုန်ထုတ်လုပ်မှုစရိတ်နှင့် ရောင်းချသည့် ကုန်ဈေးနှုန်းများ များစွာကွာခြားမှုမရှိရန်လိုကြောင်း၊ ထို့ကြောင့် ကောင်စီဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် ကွင်းဆင်းဆောင်ရွက်ပါက ဒေသအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နယ်မြေဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ကွင်းဆင်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတော်၏တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စားသုံးဆီ၊ စက်သုံးဆီများနှင့်ပတ်သက်၍ ရည်ညွှန်းဈေးမှန်ကန်ရေးနှင့် ဈေးကွက်အတွင်း ဖြစ်သင့်သည့် ဈေးနှုန်းထက် ပိုမို၍ ရောင်းချမှုမရှိစေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်စီဝင်များအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူတို့၏အကျိုးကိုသာကြည့်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကြီးကြပ်ရေးကော်မတီအနေဖြင့်လည်း စနစ်တကျ စိစစ်ကြီးကြပ်ကိုင်တွယ်သွားရန် မှာကြားပြီးဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံရေးပါတီများဖွဲ့စည်းမှုနှင့် ပတ်သက်၍ စနစ်တကျမှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်နှင့် ကိုက်ညီရန်လိုကြောင်း၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်များ ရွေးချယ်ရာတွင်လည်း ပါတီတွင်းဒီမိုကရေစီစနစ်ဖြင့် အများဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ပါက ပိုမိုသင့်တော်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရွေးကောက်ပွဲမပြုလုပ်မီ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးသွားရန်ရှိပါကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များသည် ပါတီတွင်းဒီမိုကရေစီစနစ်ဖြင့် ပါတီကိုကိုယ်စားပြုသူများဖြစ်လျှင် အဓိပ္ပာယ်ပြည့်ဝမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံ၏ အရေးကြီးလိုအပ်ချက်ဖြစ်သော လုပ်ငန်းစဉ်များကို ဖော်ဆောင်ရာ၌ ခိုင်မာသော ကိုယ်စားပြုမှုနှင့် ရေရှည်အာမခံချက်များ ရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ချမှတ်ထားသော အမျိုးသားရေးရည်မှန်းချက်များနှင့် နိုင်ငံရေး ရည်မှန်းချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မင်းလှမြို့၌ ဂါလန်တစ်သိန်းခွဲဆံ့ ရေစုကန်အမှတ်(၂) တည်ဆောက်လျက်ရှိ

**အထက်မင်းလှ အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဂါလန် ၁၅၀၀၀၀ ဆံ့ ရေစုကန်အမှတ်(၂)ကို ဆောက်လုပ်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက အောက်တိုဘာ ၂၅ ရက်က ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရေစုကန်ကို တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် အလျား ၇၆ ပေ၊ အနံ ၅၂ ပေ၊ အမြင့်ရှစ်ပေ အရွယ်အစားဆောက်လုပ်ခြင်းဖြစ်ပြီး ကွန်ကရစ်အဖုံးလောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်တည်ဆောက်ရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်နွယ်နွယ်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညီညီထွန်းတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါ ရေစုကန် ဆောက်လုပ်ခြင်းလုပ်ငန်းပြီးစီးပါက မြို့ပေါ်ရပ်ကွက်သုံးခုမှ လူဦးရေ ၈၀၀ အတွက် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ သိရသည်။ **ဇာဇာ(အထက်မင်းလှ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး





**နေပြည်တော် အောက်တိုဘာ ၂၆**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Plenary Hall ၌ကျင်းပသည့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးအကပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှု အားပေးသည်။ **(ယာပုံ)**

### ကြည့်ရှုအားပေး

အဆိုပါ ပြိုင်ပွဲတွင် အခြေခံပညာအဆင့် (အသက် ၁၀ နှစ် မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်ညီညာစွာဖြင့် ငြိမ့်ညောင်းသည့် ကကွက်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်နေမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖံနှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့များ ကြည့်ရှုအားပေးကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

အကပြိုင်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးသည် အကပြိုင်ပွဲအဆင့်လိုက် အကဲဖြတ် ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပသည့် ဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက် ကြည့်ရှုအားပေးသည်။

### သရုပ်ဖော်ယှဉ်ပြိုင်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးသည် ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်တို့၏ ဇနီးများ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်များနှင့်အတူ ဝါသနာရှင်အဆင့် (ပထမတန်း) "မဟော်သဓာ" ဇာတ်တော်ကြီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု စိန်မြန်မာအနုပညာအင်အားစု မဟော်သဓာဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟော်သဓာ ဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်၍ သရုပ်ဖော်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုသုခုမအမွေအနှစ်များကို ဖော်ထုတ်နိုင်ရန်နှင့် လူငယ်မျိုးဆက်သစ်များကို နိုင်ငံနှင့်လူမျိုး၊ အမျိုးသားယဉ်ကျေးမှုတို့၏ ဂုဏ်သိက္ခာကို အလေးထားတန်ဖိုးထား ထိန်းသိမ်းရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ဒုတိယအကြိမ်မြောက် ကျင်းပသည့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာ ပြိုင်ပွဲ အမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာများတွင် ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များသည်လည်း စိတ်အေးချမ်းမြေ့စွာဖြင့် အားကြိုးမာန်တက် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ဝါသနာရှင်အဆင့် (ပထမတန်း) "မဟော်သဓာ" ဇာတ်တော်ကြီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု စိန်မြန်မာအနုပညာအင်အားစု မဟော်သဓာဇာတ်တော်ကြီးအဖွဲ့ သရုပ်ဖော်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

## စစ်ကိုင်းတိုင်းဒေသကြီးရှိ ခရိုင်/မြို့နယ်အချို့၌ အယ်လ်နီညိုရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် ငါးကဏ္ဍအပေါ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**စစ်ကိုင်း အောက်တိုဘာ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများမှ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ ကျင်းပရာ အောက်တိုဘာ ၁၂ ရက်တွင် ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ခရိုင်ငါးလုပ်ငန်း ဦးစီးမှူးရုံး၌ လည်းကောင်း၊ အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ဟုမ္မလင်းခရိုင်ငါးလုပ်ငန်း ဦးစီးဌာနက ဟုမ္မလင်းမြို့နယ် ကတ်သာကျေးရွာ၌ လည်းကောင်း ကျင်းပခဲ့သည်။ **(အောက်ပုံ)**



အလားတူ ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကသာမြို့နယ်အတွင်း ငါးမွေးမြူလုပ်ငန်းရှင်များအား ကသာခရိုင် ငါးလုပ်ငန်းဦးစီးမှူးရုံးနှင့် စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနက စစ်ကိုင်းမြို့နယ်ကုန်းရွာရှိ ငါးမွေးတောင်သူများအား အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ဟောပြောပွဲများကို အောက်တိုဘာ ၁၈ ရက်က လည်းကောင်း၊ တမူးခရိုင် တမူးမြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများအား ပညာပေးဟောပြောပွဲနှင့် စစ်ကိုင်းခရိုင် ငါးလုပ်ငန်း ဦးစီးဌာနက အုန်းတောကျေးရွာရှိ စက်မှု စိုက်ပျိုးရေးကျောင်းတွင် ကျောင်းသား ကျောင်းသူများအား အယ်လ်နီညို ရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၉ ရက်ကလည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

အယ်လ်နီညိုပညာပေး ဟောပြောပွဲတွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်နိုင်မှုနှင့် အပူချိန်မြင့်မားသည့် ကာလများဖြစ်သော ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလတို့တွင် ဖြစ်ပေါ်လာနိုင်သည့် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသည့် ဒေသခံပြည်သူများကြုံတွေ့ရမည့် အခြေအနေများကို ကြိုတင်ပြင်ဆင်ထားရှိရန်၊ အယ်လ်နီညိုဖြစ်ပွားချိန်နှင့် ဖြစ်ပွားပြီးနောက် လုပ်ဆောင်ရမည့် လုပ်ငန်းများကို ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရန် ငါးမွေးမြူတောင်သူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးမောက်မြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မိုးစပါးများရိတ်သိမ်း

**မိုးမောက် အောက်တိုဘာ ၂၆**
ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် မိုးစပါးစီမံကိန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော သမဝါယမအသင်းနှစ်သင်းရှိ အသင်းသားတောင်သူ ၇၂ ဦး၏ စိုက်ဧက ၂၀၇ ဧကတွင် ဆင်းဧကရီ-၃ စပါးမျိုးစိုက်ပျိုးထားရှိသည်။

ထိုသို့ စိုက်ပျိုးလျက်ရှိရာတွင် ကြံခင်းကျေးရွာ ပိတောက်ရိပ်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းရှိ အသင်းသား ၄၁ ဦး၏စိုက်ဧက ၁၀၁ ဧကပေါ်တွင် မိုးစပါးရိတ်သိမ်းနေမှုအခြေအနေကို မြို့နယ်သမဝါယမဦးစီးဌာနဦးစီးမှူးနှင့်တာဝန်ရှိသူများက အောက်တိုဘာ ၂၆ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုကြောင်း သိရသည်။

**လွန်းနန်းထွေး(ပြန်/ဆက်)**



**“ မြန်မာ - ရုရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလာမှုကဏ္ဍနှင့် ပညာရေးကဏ္ဍအပါအဝင် ဆောင်ရွက်ဆဲကဏ္ဍအလိုက်လုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့်ဆက်စပ်၍ ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့်စပ်လျဉ်းပြီး ရုရှားနိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး ”**

❍ *ကျော့ဖုံးမှ*

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့် ဆက်စပ်၍ ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့်စပ်လျဉ်းပြီး ရုရှားနိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များ၊ စွမ်းအင်နှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov ကို လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ကို ယနေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား စစ်ဘက် - နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# စစ်တက္ကသိုလ်အဆင့်မြင့်စာပေပညာဗဟိုဌာနတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၃) ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

တပ်မတော်အနေဖြင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာများ အထောက်အကူပြုနိုင်ရန်နှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့် (၂၀၂၃) (Conference on Science and Technology Development – 2023) (CSTD–2023) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ် စစ်တက္ကသိုလ် အဆင့်မြင့်စာပေပညာဗဟိုဌာန ငါးထပ်စာသင်ဆောင်ရှိ Multifunction Hall ၌ ကျင်းပသည်။

ဦးစွာ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့်အတူ တင်သွင်းခင်းကျင်းပြသထားသည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပိုစတာ ၂၃ စောင်ကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ ပိုစတာရှင်များက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဖိတ်ကြားထားသော နိုင်ငံခြားသားပညာရှင် (Keynote Speaker) စာတမ်း နှစ်စောင်၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသန စာတမ်း ၆၃ စောင် စုစုပေါင်း ၆၅ စောင် ဖတ်ကြားခဲ့သည်။

သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့် (၂၀၂၃) ကို အောက်တိုဘာ ၂၇ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖိတ်ကြားထားသော နိုင်ငံခြားသားပညာရှင် (Keynote Speaker) စာတမ်း နှစ်စောင်၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသနစာတမ်း ၅၆ စောင်၊ စာတမ်း စုစုပေါင်း ၅၈ စောင် ဆက်လက်ဖတ်ကြားသွားမည် ဖြစ်ပြီး အကောင်းဆုံး စာတမ်း ခုနစ်ဆုနှင့် အကောင်းဆုံးပိုစတာ နှစ်ဆု ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့်ကို ၂၀၁၆ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပြန်လည်ကျင်းပခဲ့ပြီး ယခုအကြိမ်သည် သတ္တမအကြိမ်မြောက် ကျင်းပသည့် ကွန်ဖရင့်ဖြစ်သည်။

အဆိုပါ ကွန်ဖရင့်သို့ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော် တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များနှင့် အရာရှိများ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခများ၊ တပ်နယ်မှ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ သင်တန်းတက်ရောက်နေသော သင်တန်းသားအရာရှိများ၊ ဗိုလ်လောင်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသည့် အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများက Video Conferencing ဖြင့် တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ကို လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအသစ်အဖြစ် ခန့်အပ်ခြင်းခံရသည့် H.E. Mr. Iskander Azizov ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ်(၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ – ရုရှား နှစ်နိုင်ငံမူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ နိုင်ငံဖြတ်ကျော် မှုခင်းများတိုက်ဖျက်ရေးနှင့် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရပ်ဝန်းနှင့်ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ၂၆**

ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ဖိတ်ကြားချက်အရ ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ Wynd-ham Grand Yangon Hotel ၏ Grand Ballroom ၌ ကျင်းပသည့် ရပ်ဝန်းနှင့်ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**




ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းသည် လမ်းများနှင့် ဆက်သွယ်မှုများ တည်ဆောက်ရေးအတွက် သာမဟုတ်ဘဲ အရည်အသွေးပြည့်ဝမှု၊ စည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးမှုမျှဝေခြင်းတို့၏ ပြယုဂ်တစ်ခုဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်း၏ မဟာဗျူဟာမြောက် ရည်ရွယ်ချက်မှာ မတူကွဲပြားသော နိုင်ငံများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ယုံကြည်မှုတို့ကို မြှင့်တင်ရန်ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံအတွက် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နှစ်စဉ်ကုန်သွယ်မှုသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကျော်ရှိပါကြောင်း၊ နှစ်နိုင်ငံအစိုးရများ (G to G) အကြား အလွန်ကောင်းမွန်သော ဆက်ဆံရေးရှိခြင်း၊ စီးပွားရေး အသိုင်းအဝိုင်း (B to B) နှင့် နှစ်နိုင်ငံပြည်သူများ (P to P) အကြား ကောင်းမွန်သော ဆက်ဆံရေး ရှိခြင်းတို့ကြောင့် နှစ်နိုင်ငံ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ များစွာတိုးတက်ခဲ့ပါကြောင်း။

သိသာထင်ရှားသော ပူးပေါင်းဆောင်ရွက်မှုမှာ မြန်မာနိုင်ငံ၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေး အလားအလာရှိသည့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်သည့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် ဖြစ်ပါကြောင်း၊ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့ကို လွှမ်းခြုံထားသည့် ကမ်းရိုးတန်းရှိနေသည့် မြန်မာနိုင်ငံသည် တရုတ် – မြန်မာစီးပွားရေး စင်္ကြံလမ်း (CMEC) မှတစ်ဆင့် ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်း၏ ရေကြောင်းအခြေပြုစီမံကိန်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ပင်လယ်ရေကြောင်းလမ်းများအား ပိုမိုကောင်းမွန်ရေးအတွက် ဆောင်ရွက်ခြင်းသည် ကုန်စည်ပို့ဆောင်မှုတွင် မြန်ဆန်ပြီး ကုန်ကျစရိတ် သက်သာရုံသာမက ကုန်သွယ်မှုလုပ်ငန်းများကို ချဲ့ထွင်ရန်၊ ဒေသတွင်းစီးပွားရေးလုပ်ငန်းများကိုပိုမိုအားကောင်းလာစေရန်နှင့် စီးပွားရေးတိုးတက်မှုကိုမြှင့်တင်စေမည်ဖြစ်ပါကြောင်း။

ထို့အပြင် ဆိပ်ကမ်းများနှင့် ဆက်စပ် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသခံ ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖြစ်ပေါ်စေပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးတို့ကို သိသိသာသာ ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ လေကြောင်းဆက်သွယ်မှုများ တိုးမြှင့်ခြင်းသည် နိုင်ငံသားအချင်းချင်း အပြန်အလှန် နီးနှောဖလှယ်မှု၊ ယဉ်ကျေးမှုဆိုင်ရာ နားလည် သဘောပေါက်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးကာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်း ယဉ်ကျေးမှု ဖလှယ်ခြင်းကိုလည်း တိုးပွားလာစေမည်ဖြစ်ပါကြောင်း။

လက်ရှိ ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် မူဆယ်–မန္တလေး အမြန်ရထားလမ်းနှင့် မန္တလေး – ကျောက်ဖြူ အမြန်ရထားလမ်းသစ်များ ဖောက်လုပ်ခြင်းသည် ပြည်တွင်းကုန်စည် သယ်ယူပို့ဆောင်ရေး စွမ်းဆောင်ရည်ကို တိုးမြှင့်စေပြီး ကုန်ကျစရိတ်ကို လျှော့ချနိုင်ကာ ပြည်တွင်း စက်မှုလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးပါကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှု (BRI) အရ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိသော မည်သည့်စီမံကိန်းများကိုမဆို မြန်မာနိုင်ငံက အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai နှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စားသောက်ကုန်ပစ္စည်း သီးနှံအခြေခံယို၊ ဖျော်ရည်အမျိုးမျိုးနှင့် သီးနှံခြောက်တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ် (၄) ဖွင့်ပွဲကျင်းပ

**ကသာ အောက်တိုဘာ ၂၆** စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဆင်းရဲမှု လျှော့ချရေး ရန်ပုံငွေဖြင့် ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်၍ ဖွင့်လှစ်သည့် သီးနှံအခြေခံယို၊ ဖျော်ရည်အမျိုးမျိုးနှင့် သီးနှံခြောက်တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ် (၄) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်က ကသာခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ သင်တန်းဖွင့်ပွဲတွင် ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးထွန်းဝင်းက အမှာစကားပြောကြားပြီး ကသာခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေက သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ယခုသင်တန်းမျိုးသည် ကျေးလက်နေပြည်သူများနှင့် မြို့ပြအခြေခံ လူတန်းစားများအတွက် စီးပွားရေးလုပ်ငန်းတွင် အထောက်အကူပြုနိုင်ရန် ဖွင့်လှစ်ပေးသည့် သင်တန်းဖြစ်ပါကြောင်း၊ ဒေသတစ်ခု ထွက်ကုန် တစ်ခုပေါ်ပေါက်လာစေရေး၊ အသေးစားစက်မှုလက်မှု လုပ်ငန်းငယ်များ ပေါ်ထွန်းလာစေရန်၊ မိသားစုအပိုဝင်ငွေတိုးပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၏ တစ်စိတ်တစ်ပိုင်းကို လူငယ်လူရွယ်များ ဦးဆောင်ပြီး လူငယ်ကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးတို့ကို ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက်အထိ ကသာခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ယာယီသင်တန်းခန်းမ၌ သင်တန်းသား သင်တန်းသူ ၂၀ ဖြင့် စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စွာထွန်း(ကသာ)**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ၂၆**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက် သီတင်းကျွတ်ကာလ ပျော်ပွဲရွှင်ပွဲနှင့် ဖျော်ဖြေပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြန်ကြားရေး ဝန်ကြီးဌာန၏ ဝန်ထမ်းများအတွက် သီတင်းကျွတ်ကာလ ပျော်ပွဲရွှင်ပွဲနှင့် ဖျော်ဖြေပွဲကို ယနေ့ ညနေပိုင်း ရုံးဆင်းချိန်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်း ခန်းမ၌ ကျင်းပသည်။

အဆိုပါ ပျော်ပွဲရွှင်ပွဲနှင့် ဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။ (ယာပုံ)



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စက်ဘီးကံစမ်းမဲပေါက်သည့် ဝန်ထမ်းအား စက်ဘီးပေးအပ်ချီးမြှင့်စဉ်။

ဖျော်ဖြေပွဲမစတင်မီ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုင်ငံတော်က အားထားရသည့် ဌာနတစ်ခုအဖြစ် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းမှာ ဝန်ထမ်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်း၊ ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများကို အားတက်သရော ဆောင်ရွက်နေကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုသည့်အနေဖြင့် သီတင်းကျွတ်အခါသမယတွင် ပျော်ရွှင်စေလိုသည့်အတွက် ယခုလို ပျော်ပွဲရွှင်ပွဲကို ကျင်းပပေးခြင်းဖြစ်ပြီး ဘဝတစ်လျှောက်လုံး ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ပါစေဟု ဆန္ဒပြုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ မြန်မာ့ရုပ်မြင်သံကြားမှ တေးသံရှင်များက ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ရာ ဝန်ထမ်းများက လိုက်ပါသီဆိုကာ ပျော်ရွှင်စွာဆင်နွှဲကြသည်။



မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ မြန်မာ့ရုပ်မြင်သံကြားမှ တေးသံရှင်များက ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

ထို့နောက် သီချင်းဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းများက ပါဝင်သီဆိုယှဉ်ပြိုင်ကြသည်။

သီဆို ယှဉ်ပြိုင်သူများ၏ အမှတ်များကို ရေတွက်နေစဉ်အတွင်း ဝန်ထမ်းများ၏ ကံစမ်းမဲနံပါတ်များ မဲနှိုက်ကြေညာ၍ စက်ဘီးနှင့် ဆုကြေးငွေများကိုလည်းကောင်း၊ သီချင်းဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား ဆုငွေများကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**သတင်းစဉ်**

---

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ သီတင်းကျွတ်ပိတ်ရက်ကာလအတွင်း ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် အထူးရထားခရီးစဉ်များပြေးဆွဲပေးသွားမည်

**နေပြည်တော် အောက်တိုဘာ ၂၆**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် သီတင်းကျွတ်ပိတ်ရက် ကာလအတွင်း ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် နေပြည်တော် - ရန်ကုန် - နေပြည်တော်၊ ရန်ကုန် - မော်လမြိုင် - ရန်ကုန်၊ ရန်ကုန် - ပြည် - ရန်ကုန်၊ ရန်ကုန် - ပုဂံ - ရန်ကုန် ခရီးစဉ်များကို အောက်ဖော်ပြပါ နေ့ရက်/ အချိန်များအတိုင်း အစုန်/အဆန် အထူးရထားများပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၂၇.၁၀.၂၀၂၃ | အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၈ : ၃၀ | ၀၇ : ၃၀ |
| ၂ | ၂၇.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃ : ၀၀ | ၂၀ : ၅၅ |
| ၃ | ၂၇.၁၀.၂၀၂၃ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂ : ၃၀ | ၀၆ : ၃၀ |
| ၄ | ၂၇.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇ : ၄၅ | ၁၇ : ၄၅ |
| ၅ | ၂၇.၁၀.၂၀၂၃ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉ : ၁၅ | ၁၉ : ၁၀ |
| ၆ | ၂၈.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇ : ၄၅ | ၁၇ : ၄၅ |
| ၇ | ၂၈.၁၀.၂၀၂၃ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉ : ၁၅ | ၁၉ : ၁၀ |
| ၈ | ၂၈.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃ : ၀၀ | ၂၀ : ၅၅ |
| ၉ | ၂၈.၁၀.၂၀၂၃ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂ : ၃၀ | ၀၆ : ၃၀ |
| ၁၀ | ၂၈.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | ပုဂံ | ၁၆ : ၁၅ | ၁၂ : ၀၀ |
| ၁၁ | ၂၉.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇ : ၄၅ | ၁၇ : ၄၅ |
| ၁၂ | ၂၉.၁၀.၂၀၂၃ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉ : ၁၅ | ၁၉ : ၁၀ |
| ၁၃ | ၂၉.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃ : ၀၀ | ၂၀ : ၅၅ |
| ၁၄ | ၂၉.၁၀.၂၀၂၃ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂ : ၃၀ | ၀၆ : ၃၀ |
| ၁၅ | ၃၀.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃ : ၀၀ | ၂၀ : ၅၅ |
| ၁၆ | ၃၀.၁၀.၂၀၂၃ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂ : ၃၀ | ၀၆ : ၃၀ |
| ၁၇ | ၃၀.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၁၈ : ၃၀ | ၀၇ : ၃၀ |
| ၁၈ | ၃၀.၁၀.၂၀၂၃ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇ : ၄၅ | ၁၇ : ၄၅ |
| ၁၉ | ၃၀.၁၀.၂၀၂၃ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉ : ၁၅ | ၁၉ : ၁၀ |
| ၂၀ | ၃၀.၁၀.၂၀၂၃ | အဆန်အထူး | ပုဂံ | ရန်ကုန် | ၁၆ : ၁၅ | ၁၂ : ၀၀ |

အထက်ပါ ခရီးစဉ်များအတွက် အထက်တန်းလက်မှတ်အား(၃)ရက် ကြိုတင်၍ လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား (၁) ရက်ကြိုတင်၍လည်းကောင်း ရောင်းချပေးသွားမည် ဖြစ်ပြီး ရထားစီးခရီးသွားမိဘပြည်သူများ၊ ဝန်ထမ်းများနှင့်မိသားစုများအနေဖြင့် ကြိုတင်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း) များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ သီတင်းကျွတ်ပွဲတော်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း) များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း) များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

---

## လှိုင်းဘွဲ့မြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပြုလုပ်

**လှိုင်းဘွဲ့ အောက်တိုဘာ ၂၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးလင်းခိုင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကရင်ပြည်နယ် သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဦး၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်တူးတို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းအား သမဝါယမအသင်းစု (လီမိတက်) ဦးမြသွေးက ဖတ်ကြားတင်သွင်းပြီး အသင်းစာရင်းအဖွဲ့၏ အစီရင်ခံစာအား အသင်းစာရင်းစစ်အဖွဲ့ခေါင်းဆောင်က ဖတ်ကြားတင်ပြသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေး ရှင်းတမ်းများအား အသင်းဝင်ကိုယ်စားလှယ်များ ပြန်လည်ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသော အသင်းဝင်များက တညီတညွတ်တည်း သဘောတူကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ထောပတ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှုနှင့် စိန်ခေါ်မှုများ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

ထောပတ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန်၊ ထောပတ်သီးနှံမှ ပြည်ပပို့ကုန် ဝင်ငွေတိုးမြှင့်ရရှိစေရန်နှင့် ထောပတ်သီးနှံ၏ တန်ဖိုးကွင်းဆက်တစ်လျှောက် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ဆွေးနွေးဖော်ထုတ်ရန် ရည်ရွယ်ကျင်းပသည့် "ထောပတ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှုနှင့် စိန်ခေါ်မှုများ" အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် (၁၅) စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ထောပတ်အသင်း တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် ထောပတ်စိုက်ပျိုးထုတ်လုပ်သူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရေမြေ ရာသီဥတုတွင် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ထောပတ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကို နိုင်ငံတော်အစိုးရက အားပေးမြှင့်တင်လျက်ရှိပြီး အရည်အသွေးကောင်းသော မြန်မာ့ထောပတ်သီးနှံ တိုးမြှင့်ထုတ်လုပ်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရေးနှင့် ဈေးကွက်ကျယ်ပြန့်စွာ ရရှိရေးတို့အတွက် အလေးထား ဆောင်ရွက်သွားလျက်ရှိကြောင်း၊ ထောပတ်သီးနှံကို ကမ္ဘာ့ကုန်သွယ်မှုအနေဖြင့် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့်ရှိပြီး



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် "ထောပတ်သီးနှံ စိုက်ပျိုး ထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှုနှင့် စိန်ခေါ်မှုများ" အလုပ်ရုံဆွေးနွေးပွဲတွင် ခင်းကျင်းပြသထားသည့် ထောပတ်သီးနှံများနှင့် တန်ဖိုးမြင့်ထောပတ်သီး ထုတ်ကုန်များကို ကြည့်ရှုစဉ်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်တွင် တန်ချိန်နှစ်ထောင့်လေးရာခန့်၊ ၂၀၂၂ ခုနှစ်တွင် တန်ချိန် ခုနစ်ရာကျော်ခန့်ကို ထိုင်း၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ တရုတ်၊ မလေးရှား၊ ဗြိတိန်နိုင်ငံများသို့ တင်ပို့ရောင်းချခဲ့သည်ကို တွေ့ရှိရကြောင်း၊ တင်ပို့သည့် ပမာဏ ၃ ဆကျော် လျော့ကျသွားခြင်းကို သေချာစွာ ဆန်းစစ်လေ့လာရန် လိုအပ်ပါကြောင်း။

နှစ်စဉ်ကမ္ဘာ့ထောပတ်သီး ဈေးကွက်ဝယ်လိုအား မြင့်တက်လာလျက်ရှိရာ မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသော မျိုးသစ်များ တင်သွင်းခြင်း၊ ဒေသကိုက်ညီမှု သုတေသနများ ဆောင်ရွက်ခြင်း၊ ခေတ်မီစိုက်ပျိုးနည်းပညာများ ကျင့်သုံးခြင်း၊ GAP နှင့် အော်ဂဲနစ်လက်မှတ်များ ရယူခြင်း၊ တန်ဖိုးမြင့် ထောပတ်သီး ထုတ်ကုန်များ ထုတ်လုပ်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အလားတူ ထောပတ်သီး အနှစ်၊ ထောပတ်သီး အဆီ၊ အလှကုန်နှင့် ဆေးဝါးများ ထုတ်လုပ်ရန် ကုန်ကြမ်း စသည်ဖြင့် ဈေးကွက်တောင်းဆိုမှုအရ ဆန်းသစ်တီထွင်သောနည်းလမ်းများဖြင့် တန်ဖိုးမြင့်ကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ပြီး ထောပတ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်တွင် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းစေရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများက "ထောပတ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှုနှင့် စိန်ခေါ်မှုများ" အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ ထောပတ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် ထောပတ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပိုင်းဆိုင်ရာ သုတေသနလိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဝန်ကြီးဌာနမှ ထောပတ်သီးနှံပညာရှင်များ၊ မြန်မာနိုင်ငံ ထောပတ်အသင်း တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များ၊ ထောပတ်စိုက် တောင်သူများက မြန်မာနိုင်ငံ ထောပတ်သီးနှံ စိုက်ပျိုးထုတ်လုပ်နေမှု၊ ဈေးကွက်တင်ပို့ရောင်းချမှု၊ အရည်အသွေး ထိန်းသိမ်းရေး၊ မြန်မာနိုင်ငံ ထောပတ်သီးနှံ ဖွံ့ဖြိုးရေးနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ၊ ပြည်ပတင်ပို့ ရေးဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ထောပတ်သီးနှံကို လွန်ခဲ့သည့် ၇၅ နှစ်ခန့်က စတင်၍ မြန်မာနိုင်ငံ၌ စိုက်ပျိုးခဲ့ရာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသတစ်ဝိုက်တွင် အဓိကစိုက်ပျိုးကြပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် တစ်နိုင်ငံလုံးထုတ်လုပ်မှုအနေဖြင့် တန်ချိန် တစ်သိန်းခန့်ထွက်ရှိ ခဲ့ကြောင်း၊ ဗီတာမင်နှင့် သတ္တုဓာတ် အမျိုး ၂၀ ကျော်ခန့် ပါဝင်ပြီး အာဟာရဓာတ်ကြွယ်ဝသည့် ထောပတ်သီးနှံကို နိုင်ငံတကာ ဈေးကွက်တွင် ရေပန်းစားလျက်ရှိရာ အလားအလာကောင်းသော ပြည်ပပို့ကုန်အဖြစ် စီးပွားဖြစ် ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇေယျာသီရိမြို့နယ်၌ ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၆

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇေယျာသီရိမြို့နယ်၌ စတုတ္ထနေ့အဖြစ် ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့က ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ဆောင်ရွက်သည်။** (ယာပုံ)



ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခြင်း၊ မဲပေးစက်၏ ထိန်းချုပ်စက် (Control Unit) ကို ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန် မမှန် စိစစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မရှင်းလင်းသည်များကို တာဝန်ရှိသူများထံ မေးမြန်းကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) နှင့်စပ်လျဉ်းပြီး မဲဆန္ဒရှင်ပြည်သူများ ကောင်းမွန်စွာ သိရှိနားလည်စေရန် မဲဆန္ဒရှင်အသိပညာပေး လုပ်ငန်းတစ်ရပ်အနေဖြင့် စနစ်တကျစီမံဆောင်ရွက်ပြီး ပြည်သူများရှိရာ ရပ်ကွက်နေရာများအထိသွားရောက်၍ ကော်မရှင်မှ တာဝန်ရှိသူများက ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြခြင်း ဆောင်ရွက်ပေးသည့်အတွက် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း။

အဆိုပါ လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားများသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ တို့မှ ကိုယ်စားလှယ်များ၊ ပုပ္ပားကုန်းရပ်ကွက်၊ ခေတ်အေးကျေးရွာအုပ်စု၊ ကျောက်ဖျာကျေးရွာအုပ်စုနှင့် နန်းဩကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ စုစုပေါင်း ၄၅၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖျာပုံမြို့၌ အယ်လ်နီညိုရာသီဥတုကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှု အသိပညာပေးဟောပြော

**ဖျာပုံ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမာမြို့ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသော တောင်သူများ၊ ရေလုပ်သားများနှင့် လုပ်ငန်းရှင်များအား အယ်လ်နီညိုရာသီဥတုကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် ဖြစ်ပွားလာပါက ဆောင်ရွက်ရမည့် အစီအစဉ်များနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၃ ရက်က အမာမြို့ ကျောင်းကုန်းကျေးရွာရှိ ရွာတာဝန်ခံနေအိမ်၌ ပြုလုပ်ဆောင်ရွက်သည်။

အဆိုပါဟောပြောပွဲတွင် အမာမြို့ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသန်းဦးက အယ်လ်နီညိုကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် မုန်တိုင်းများ ဖြစ်ပေါ်ခြင်းတို့ကြောင့် ငါးမွေးကန်များတွင် အပူချိန်လွန်ကဲမှုဒဏ်မှကာကွယ်နိုင်ရေး၊ ရေကြီးရေနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်နိုင်ရေး၊ အယ်လ်နီညိုဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် အသိပညာပေး ဟောပြောခြင်းနှင့် အပူဒဏ်သတိပေးနှိုးဆော်ချက် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

❑ ***ကျောဖုံးမှ***

ပွဲချိန် ၅၃ မိနစ်နှင့် ၈၉ မိနစ်တွင် မူအာနီနှင့် လီတို့က သွင်းယူပေးခဲ့သည်။

ယခုအနိုင်ပွဲကြောင့် ပီအက်စ်ဂျီအသင်းသည် သုံးပွဲကစားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ အေစီမီလန်အသင်းက သုံးပွဲကစားပြီး နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေသည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် ဒေါ့မွန်က နယူးကာဆယ်ကို တစ်ဂိုး - ဂိုးမရှိ၊ လိုက်ပ်ဇစ်က ဇဗက်ဒါကို သုံးဂိုး - တစ်ဂိုး၊ မန်စီးတီးက ယန်းဘွိုင်းကို သုံးဂိုး- တစ်ဂိုး၊ ပေါ်တိုက အန့်ဝပ်ကို လေးဂိုး - တစ်ဂိုး၊ ဘာစီလိုနာက ရှက်တာဒိုးနက်ကို နှစ်ဂိုး - တစ်ဂိုး၊ ဖီယင်နူက လာဇီယိုကို သုံးဂိုး- တစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။ ဆဲလ်တစ်နှင့် အက်သလက်တီကို မက်ဒရစ်အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၂၆

နေပြည်တော်နှင့် မန္တလေးမြို့ တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဆက်လက်ကျင်းပ

## “ပညာရွှေအိုး” ဇာတ်တော်ကြီးဖြင့် ကရင်ပြည်နယ်ကိုယ်စားပြု ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်

**နေပြည်တော် အောက်တိုဘာ ၂၆** (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ တတိယနေ့ကို ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

မြန်မာလူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုများကို နိုင်ငံတော်တည်တံ့ခိုင်မြဲမှုနှင့်အတူ ယှဉ်တွဲတည်ရှိနေရမည့် ဂုဏ်ဒြပ်များအဖြစ် နှလုံးသွင်းခံယူပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို လူအား၊ ငွေအား၊ အချိန်အား စိုက်ထုတ် ကျင်းပပေးနေခြင်းဖြစ်သည်။ ယခု ပြိုင်ပွဲကြီးသည် အနုပညာဆိုင်ရာ ပြိုင်ပွဲတစ်ခုဖြစ်သည့်အပြင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှုကို အခြေခံ၍ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ဖော်ထုတ် ထိန်းသိမ်းသည့်ပွဲ၊ မျိုးဆက်ဟောင်း အနုပညာရှင်ကြီးများနှင့် မျိုးဆက်သစ် အနုပညာရှင် မောင်နှမများ ပေါင်းကူး ယှက်နွယ်သည့်ပွဲ၊ တစ်နည်းအားဖြင့် တိုင်းရင်းသား ညီအစ်ကိုများ ယဉ်ကျေးမှု ပေါင်းစည်းသည့် ပွဲဖြစ်ကြောင်း သိရသည်။

ယနေ့တွင် **“မဟာဂီတ” တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြူဝန်းလို့ခို” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဒီပါအေးမြ” (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ကုန်းဘောင်နေမင်း” (ပတ်ပျိုးလတ်) သီချင်းဖြင့် လည်းကောင်း သာယာငြိမ့်ညောင်းသည့် မြန်မာ့ဂီတရသကို ဖော်ကျူးသီဆိုယှဉ်ပြိုင်ကြသည်။



ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးကာလပေါ်တေးသီချင်းပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင် မချိုသဲဦး၏ သီဆိုယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**“ကာလပေါ်” တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Signing Room ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “အရွှယ်သုံးပါး” သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြနဒီ” သီချင်းဖြင့် လည်းကောင်း ဖော်ကျူးသီဆို ယှဉ်ပြိုင်ကြသည်။



ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ကရင်ပြည်နယ်ကိုယ်စားပြု ရွှေဖားစည်သံအောင်နန်းစံရုပ်စုံသဘင်အဖွဲ့၏ တင်ဆက်ကပြယှဉ်ပြိုင်မှုကို ပရိသတ်များ ကြည့်ရှုအားပေးကြစဉ်။

**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ် ညီညာစွာအသုံးပြု၍ ငြိမ့်ညောင်းသည့် ကကွက်ကဟန်များဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ကြည့်ရှုသူများ ရင်သပ်ရှုမောဖြစ်စေမည့် ကကြိုးကကွက်များဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ကကြိုးကကွက် စုံလင်စွာဖြင့် လည်းကောင်း အားကြိုးမာန်တက် ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ၏ သီချင်းသံစဉ် ထည့်သွင်းလေ့ကျင့်သီဆိုခြင်း**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဗလငါးတန်ဒို့ရည်သန်” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဇာတိပုည ဂုဏ်မာန”ခေါင်းစဉ်ဖြင့် လည်းကောင်း ရသစုံလင်စွာ သံစဉ်ထည့်သွင်း လေ့ကျင့်သီဆိုကြသည်။

**စန္ဒရားအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆန်းနွေဦး” (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊

*စာမျက်နှာ ၁၂ သို့*



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးအကပြိုင်ပွဲတွင် ကယားပြည်နယ် ကိုယ်စားပြုပြိုင်ပွဲဝင် မမေသက်တန်ခူး၏ ကပြယှဉ်ပြိုင်ဟန်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားကာလပေါ် တေးသီချင်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင် မောင်မင်းမျိုးရာဇာ သီဆိုယှဉ်ပြိုင်စဉ်။

# အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးဟာ ဝါရင့်အနုပညာရှင်ကြီးတွေအနေနဲ့ မျိုးဆက်သစ်တွေကို အနုပညာအမွေတွေ လက်ဆင့်ကမ်းပေးတဲ့ ပွဲကြီးတစ်ခုလို့ မြင်မိပါတယ်

ဦးစန်းကို (တိုင်းရင်းသားရေးရာဝန်ကြီး-ကရင်ပြည်နယ်)

**မြန်မာ့ရိုးရာယဉ်ကျေးမှု သုခုမအမွေအနှစ်များကိုဖော်ထုတ်နိုင်ရန်နှင့် လူငယ်မျိုးဆက်သစ်များကို နိုင်ငံနှင့်လူမျိုး၊ အမျိုးသားယဉ်ကျေးမှုတို့၏ဂုဏ်သိက္ခာကို အလေးထားတန်ဖိုးထား ထိန်းသိမ်းရန်အတွက် (၂၄)ကြိမ်မြောက် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်တွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပလျက်ရှိရာ အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များနှင့်တွေ့ဆုံ၍ ၎င်းတို့၏ရင်တွင်းခံစားချက်များကို မေးမြန်းဖော်ထုတ်ရေးသားတင်ပြလိုက်ရပါသည်။**

**ဦးစန်းကို (တိုင်းရင်းသားရေးရာဝန်ကြီး- ကရင်ပြည်နယ်)**

ကျွန်တော်က အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ကရင်ပြည်နယ် အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူထားပါတယ်။ ကျွန်တော်တို့ ပြည်နယ်က (၂၄)ကြိမ်မြောက် ပြိုင်ပွဲကြီးမှာ ပြိုင်ပွဲဝင် စုစုပေါင်း ၁၇၄ ဦး ပါဝင်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ပြည်နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာလ ၉ ရက်နဲ့ ၁၀ရက်မှာ ကျင်းပပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ ဗဟိုပြိုင်ပွဲဝင်မယ့် အဖွဲ့တွေကို အချိန်တစ်လခန့် စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ ဒီနှစ်မှာ အက၊ အရေး၊ အတီးကို ပိုပြီးပြင်ဆင်ခဲ့တဲ့အတွက် ဆုများစွာရရှိမယ်လို့ မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ဇာတ်တော်ကြီးကလွဲလို့ ကျန်တဲ့ပြိုင်ပွဲဝင်ဘာသာရပ်အားလုံးကို ပါဝင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဒီနှစ် ပြိုင်ပွဲကြီးမှာ ထူးခြားချက်အနေနဲ့ ရုပ်စုံသဘင်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ထားပါတယ်။

အခုလို အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ကျင်းပခြင်းအားဖြင့် မြန်မာတို့ရဲ့ ယဉ်ကျေးမှုအနုပညာ၊ အနုသုခုမပညာတွေကို လူငယ်တွေအတွက် လက်ဆင့်ကမ်းထိန်းသိမ်းတယ်လို့ မြင်မိပါတယ်။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးဟာ ဝါရင့်အနုပညာရှင်ကြီးတွေအနေနဲ့ မျိုးဆက်သစ်တွေကို အနုပညာအမွေတွေ လက်ဆင့်ကမ်းပေးတဲ့ ပွဲကြီးတစ်ခုလို့ မြင်မိပါတယ်။ ကျွန်တော်တို့က လူငယ်တွေကို အသီးသီးသော တာဝန်တွေကို အချိန်တန်ရင် ပခုံးပြောင်းလွှဲပေးရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အနုပညာကိုလည်း လွှဲပြောင်းအမွေဆက်ခံခြင်းအားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုတွေဟာ ကမ္ဘာတည်သရွေ့ တည်တံ့နေမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ဦးငွေအောင်**
**(ဥပဒေချုပ် – ရန်ကုန်တိုင်းဒေသကြီး)**

နိုင်ငံတော်အကြီးအကဲက မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေ မပျောက်ပျက်အောင် အဓိကရည်ရွယ်ပြီး ကျင်းပပေးတဲ့ ပြိုင်ပွဲကြီးဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးမှာ ရန်ကုန်တိုင်းဒေသကြီး အနေနဲ့ နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်တာ ၂၄ နှစ်တိတိ ရှိခဲ့ပြီဖြစ်ပါတယ်။ ဒီနှစ် ပြိုင်ပွဲကြီးမှာ ဘာသာရပ်အားလုံးကို ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အဆိုပြိုင်ပွဲမှာ ၂၄ ဦး၊ အကပြိုင်ပွဲမှာ ၁၄၆ ဦး၊ အရေးပြိုင်ပွဲမှာ လေးဦးနဲ့ အတီးမှာ ၂၁၄ ဦး စုစုပေါင်း ၃၈၈ ဦးက ဘာသာရပ်အားလုံးမှာ ဝင်ရောက်ယှဉ်ပြိုင်နေကြပါတယ်။ ပြိုင်ပွဲဝင်သူတိုင်းက ငါးနှစ် အရွယ် ကလေးမှစပြီး ဝါသနာရှင် ပထမတန်းအထိ အသက်အရွယ်မျိုးစုံ ပါဝင်ကြပါတယ်။ မျိုးဆက်သစ် လူငယ်လေးတွေလည်း ပါဝင်သလို ရွက်ပုန်းသီးပညာရှင်တွေလည်း အများကြီးပါဝင်ပါတယ်။

ကျွန်တော်တို့တိုင်းဒေသကြီးအနေနဲ့ (၂၃)ကြိမ်မြောက်တုန်းက ရွှေတံဆိပ်ဆု ၇၉ ဆုနဲ့ ပထမရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီနှစ်မှာလည်း ယမန်နှစ်ကအတိုင်း အလားတူ ရွှေတံဆိပ်တွေရရှိဖို့အတွက် လေ့ကျင့်ရေးစခန်းသွင်းပြီး ကြိုးစားထားပါတယ်။ ဒီနှစ်အတွက်လည်းပဲ ယမန်နှစ်ကထက် ရွှေတံဆိပ်ဆုတွေ ရရှိမယ်လို့ မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီနှစ်ပြိုင်ပွဲကြီးမှာ တိုင်းဒေသကြီးဂုဏ်နဲ့ နိုင်ငံ့ဂုဏ်ဆောင်နိုင်ဖို့ ကြိုးစားထားပါတယ်။


ဦးစန်းကို


ဦးငွေအောင်


ဦးသက်ဆွေ


မောင်ချမ်းမင်းနိုင်


မောင်မိုးထက်အောင်


မစန်းစန်းငွေ


မောင်မြတ်မင်းခေါင်


မောင်လျှန်းထက်စိုး

ဒါ့အပြင် ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မယ့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ၊ လူငယ်မျိုးဆက်သစ်တွေ၊ ရွက်ပုန်းသီးပညာရှင်တွေက ယခုနှစ်တွင်သာမက နောင်နှစ်တွေမှာလည်း ဆက်လက်ယှဉ်ပြိုင်နိုင်အောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်။ ယဉ်ကျေးသောစိတ်သည် ချမ်းသာခြင်းကို ဆောင်ရွက်နိုင်၏ဆိုတဲ့ အဆိုအမိန့်နဲ့အညီ ယဉ်ကျေးသိမ်မွေ့ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်မယ့် မျိုးဆက်သစ်တွေအားလုံးဟာ နိုင်ငံ့တာဝန်ကို ယဉ်ကျေးမှုကဏ္ဍကနေ တစ်တပ်တစ်အား ဆက်လက်ဆောင်ရွက်သွားနိုင်အောင် ကြိုးစားသွားပါမယ်လို့ ပြောချင်ပါတယ်။

**ဦးသက်ဆွေ(အကဲဖြတ်ပညာရှင်)**

ကျွန်တော်က မဟာဂီတအဆိုပြိုင်ပွဲမှာ အကဲဖြတ်အဖွဲ့ဝင်အဖြစ် တာဝန်ယူထားပါတယ်။ ဒီမဟာဂီတအဆိုပြိုင်ပွဲမှာ အမှတ်ပေးစည်းမျဉ်း ငါးရပ်ရှိပါတယ်။ မူရင်းအတိုင်း သီဆိုနိုင်ရမယ်၊ ဆိုနည်းဆိုဟန်၊ အဆိုနည်းစနစ် မှန်ကန်ရမယ်၊ စည်းဝါးကို ကိုယ်တိုင်တီးခတ်ပြီး သီဆိုရမယ်၊ သီဆိုနေချိန်မှာ နားထောင်တဲ့ ပရိသတ်ရဲ့ ရင်ထဲမှာ ခံစားမှုဖြစ်ရမယ်၊ ပင်ကိုသံက ဘယ်လိုရှိသလဲ၊ အဲဒီအချက်တွေကိုအခြေခံပြီး အမှတ်ပေးရပါတယ်။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ကျင်းပပေးတာဟာ အင်မတန် အကျိုးသက်ရောက်ပါတယ်။ ကျွန်တော်တို့ရဲ့ ဂီတဟာ နှစ်ပေါင်းရာချီကတည်းက ရှိနေခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့က အသက်တွေကြီးလာတဲ့အခါ မျိုးဆက်သစ်တွေကို လွှဲပြောင်းပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီပြိုင်ပွဲကြီးကနေ ပညာအမွေတွေရရှိသွားမှာဖြစ်တဲ့အတွက် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တွေကို လက်ဆင့်ကမ်းလွှဲပေးလိုက်တဲ့ သဘောပဲ ဖြစ်ပါတယ်။

ဒီလိုပြိုင်ပွဲကြီးတွေ ကျင်းပပေးတဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ရွက်ပုန်းသီးလေးတွေကလည်း စိတ်ဝင်စားလာကြပါတယ်။ ဒီပြိုင်ပွဲကြီးကို စိတ်ဝင်စားလာတဲ့အခါ ကိုယ့်ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းတတ်တဲ့ စိတ်ဓာတ်တွေပါလာမှာပဲ ဖြစ်ပါတယ်။ အဲဒီလို စိတ်ဓာတ်တွေပါလာခဲ့ရင် အနောက်နိုင်ငံက ထိုးဖောက်လာတဲ့ နိုင်ငံခြားတေးဂီတတွေကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ကိုယ့်ရိုးရာ၊ ကိုယ့်ဂီတကို ချစ်မြတ်နိုးရင် အခြားနိုင်ငံကဂီတတွေ ဝင်ရောက်လာမှု လျော့နည်းသွားမယ်လို့ ထင်ပါတယ်။ ဒီပြိုင်ပွဲကြီးရှိနေတဲ့အတွက် မျိုးဆက်သစ်တွေက မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို ပိုပြီးသိရှိသွားမယ်၊ ရိုးရာဂီတကိုလည်း အလိုလိုထိန်းသိမ်းရာလည်း ဖြစ်သွားမယ်လို့ ထင်ပါတယ်။

**မောင်ချမ်းမင်းနိုင်(ကချင်ပြည်နယ် ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်တော်က ဒီနှစ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ သုံးမျိုးပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အခြေခံပညာ အသက် ၁၅ နှစ်နဲ့ ၂၀ နှစ် အမျိုးသားစောင်းအတီးပြိုင်ပွဲမှာလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးပါပြီ။ ဒီနေ့မှာ အခြေခံပညာအသက် ၁၅ နှစ်နဲ့ ၂၀နှစ် စန္ဒရားအတီးပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ မနက်ဖြန်မှာ မဟာဂီတအဆိုပြိုင်ပွဲမှာ ဆက်လက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်က အသက် ၅နှစ်နဲ့ ၁၀ နှစ်ကတည်းက ပါဝင်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီးဗဟိုအဆင့် ပြိုင်ပွဲကိုတော့ (၂၃)ကြိမ်မြောက်မှ ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ဗဟိုအဆင့်ကို မနှစ်ကမှ စတင်ယှဉ်ပြိုင်တာဖြစ်တဲ့အတွက် ဆုတံဆိပ်တွေ မရရှိခဲ့ပါဘူး။ အတွေ့အကြုံအသစ်တွေ အများကြီးရရှိပါတယ်။ ဒီနှစ်ပြိုင်ပွဲကြီးမှာတော့ စန္ဒရားအတီးပြိုင်ပွဲနဲ့ မဟာဂီတအဆိုပြိုင်ပွဲကို ပိုပြီးအားရတဲ့အတွက် ရွှေတံဆိပ်မျှော်မှန်းထားပါတယ်။ အကောင်းဆုံးဖြစ်အောင်လည်း ကြိုးစားထားပါတယ်။ ဒီလို ပြိုင်ပွဲကြီးတွေ ကျင်းပပေးတဲ့အတွက် မျိုးဆက်သစ်တွေ ပေါ်ထွန်းလာပါတယ်။ ဒီလို ပြိုင်ပွဲတွေမှာ တကယ်ပါဝင်ယှဉ်ပြိုင် ကြိုးစားကြည့်တဲ့အခါ နက်နဲသိမ်မွေ့မှုတွေကို တွေ့ရပါတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ ခံစားကြည့်စေချင်ပါတယ်။ ဒီလိုနက်နဲသိမ်မွေ့မှုကို ကိုယ်တိုင်ခံစားကြည့်မှ သိရမှာဖြစ်တယ်လို့ ပြောချင်ပါတယ်။

**မောင်မိုးထက်အောင်(တနင်္သာရီ တိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်အနေနဲ့ ဝါသနာရှင်အဆင့် ပထမတန်းအမျိုးသားအကပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အရင်တုန်းကလည်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ ငွေတံဆိပ် နှစ်ကြိမ် ရရှိခဲ့ဖူးပါတယ်။ ဒီနှစ်အတွက်တော့ အကောင်းဆုံးကြိုးစားထားတဲ့အတွက် ရွှေတံဆိပ်ဆု မျှော်မှန်းထားပါတယ်။ ဒီပြိုင်ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်မှုတွေ အများကြီးရှိခဲ့ပါတယ်။ ဆရာတွေနဲ့ အဆိုပိုင်းရော၊အကပိုင်းရောအားလုံးအကောင်းဆုံးကြိုးစားထားပါတယ်။ ဒီလို နိုင်ငံတော်အဆင့်ပြိုင်ပွဲကြီးကနေတစ်ဆင့် အကျိုးကျေးဇူးတွေလည်း အများကြီးရရှိခဲ့ပါတယ်။ ၂၀၁၆ ပြိုင်ပွဲပြီးကတည်းက ပြိုင်ပွဲတွေ မကျင်းပခဲ့ရတာ အတော်ကြာပါပြီ။ မနှစ်က ပြန်လည် စတင်ကျင်းပပေးခဲ့တဲ့အတွက် နောင်နှစ် တွေမှာလည်း နှစ်စဉ် ကျင်းပပေးစေချင်ပါတယ်။

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၀ မှ*

မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းဆန်းသဇ္ဈာကြာညောင်" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖူးရွှေလက်တင်" (ကာလပေါ်) သီချင်းဖြင့် လည်းကောင်း လက်စွမ်းပြ တီးခတ်ယှဉ်ပြိုင်ကြသည်။

**တယောအတီး** ပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ချစ်သမျှကို" (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မေတ္တာသံဝေ" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေပဒ္မုန်" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေပဒ္မုန်" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။



# ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊


၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားအကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင် မောင်ကောင်းအံ့ဇော်၏ ကပြယှဉ်ပြိုင်ဟန်။



ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား အကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင် ကိုသုတအောင်၏ ကပြယှဉ်ပြိုင်ဟန်။

**နဲ့ပြိုင်ပွဲကို** အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂန္ဓမာတောင်" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "နှင်းယွန်းဂီမှာန်" (မွန်) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မင်းလမ်းစပ်ကာ" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောဟောဝန်လယ်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်" (ကြိုး) သီချင်းဖြင့် လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းဝိုင်းကြီး အဖွဲ့အလိုက် အတီးပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ပညာရွှေအိုး" ဇာတ်တော်ကြီးဖြင့် ကရင်ပြည်နယ်ကိုယ်စားပြု ရွှေဖားစည်သံ အောင်နန်းစံ ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့်အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီး ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိလေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "မဟော်သဓာ" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု စိန်မြန်မာအနုပညာအင်အားစု မဟော်သဓာ ဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟော်သဓာ ဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူမိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ၏ အဆိုပြိုင်ပွဲတွင် အဆင့်အားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည့် မဟာဂီတအဆိုပြိုင်ပွဲ၊ ခေတ်ဟောင်းတေး / ကာလပေါ်ပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) နှင့် အဆင့်မြင့်ပညာအဆင့်များ ပါဝင်ယှဉ်ပြိုင်နိုင်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲများ ပါဝင်သည်။

အကပြိုင်ပွဲတွင် အမျိုးသား/အမျိုးသမီးအဆင့်အားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည့် အကပြိုင်ပွဲ၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပါဝင်ယှဉ်ပြိုင်နိုင်သည့် မြန်မာအက အခြေခံအမျိုးသမီး ကဗျာလွတ်အက (ပထမအဆင့်)၊ အမျိုးသမီး ၁၆ ဦး ယိမ်းပြိုင်ပွဲ၊ တစ်ဖွဲ့လျှင် ၁၆ ဦး ပါဝင်ယှဉ်ပြိုင်နိုင်သည့် တိုင်းရင်းသားရိုးရာအက (သို့မဟုတ်) ကျေးလက်ရိုးရာအကပြိုင်ပွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ဝင်ရောက်ကပြယှဉ်ပြိုင်ကြမည့် ရှမ်းတိုင်းရင်းသားရိုးရာ အက ၁၆ ဦး ယိမ်းပြိုင်ပွဲတို့ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

**မစန်းစန်းဌေး(ရခိုင်ပြည်နယ် ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်မက အခြေခံပညာ အသက် ၁၀ နှစ်နဲ့ ၁၅ နှစ် အကပြိုင်ပွဲမှာ ရခိုင်ပြည်နယ်ကိုယ်စားပြုနဲ့ ပါဝင်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ကျွန်မက အကပညာကို ငယ်ငယ်လေးကတည်းက ဝါသနာပါခဲ့တာဖြစ်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို (၂၃)ကြိမ်မြောက်က ပါဝင်ယှဉ်ပြိုင်ခဲ့ပေမယ့် ခရိုင်အဆင့်မှာ ဒုတိယဆုရရှိခဲ့လို့ ဗဟိုအဆင့်အထိ မရောက်ခဲ့ပါဘူး။ ဗဟိုအဆင့်ကိုရောက်တာ ဒီနှစ်က ပထမဆုံးဖြစ်ပါတယ်။ ဆုတံဆိပ်ကိုတော့ ရွှေတံဆိပ်ဆု မှန်းထားပါတယ်။ အကောင်းဆုံးဖြစ်အောင်လည်း ကြိုးစားထားပါတယ်။ အခုလိုပြိုင်ပွဲကြီးတွေ ကျင်းပပေးလို့ ပျော်ပါတယ်။ တိုင်းရင်းသားပေါင်းစုံနဲ့ တွေ့ခွင့်ရလို့ ပျော်ရွှင်ဝမ်းမြောက်မိသလို ဗဟုသုတတွေလည်း အများကြီးရရှိပါတယ်။ ကျွန်မလိုဝါသနာပါတဲ့ သူငယ်ချင်းတွေကိုလည်း ပါဝင်ယှဉ်ပြိုင်စေချင်ပါတယ်။

**မောင်မြတ်မင်းခေါင်(ရခိုင်ပြည်နယ် ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်တော်က အဆင့်မြင့်ပညာအဆင့် မဟာဂီတနဲ့ ကာလပေါ် အဆိုပြိုင်ပွဲမှာ ရခိုင်ပြည်နယ် ကိုယ်စားပြုအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်နေပါတယ်။ မဟာဂီတအဆိုကို ငယ်ငယ်လေးကတည်းက အိမ်မှာ အဖေ သီဆိုတာကြားပြီး စိတ်ဝင်စားခဲ့တာ ဖြစ်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ရတဲ့အတွက်ပညာတွေလည်း အများကြီးရရှိစေပါတယ်။ ဆရာတွေရဲ့ သင်ကြားပြသမှုတွေနဲ့အတူ ပညာ၊ ဗဟုသုတတွေလည်း ပိုပြီးတိုးတက်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုဂီတကိုလည်း ပိုပြီးချစ်မြတ်နိုးတဲ့စိတ်လည်း ဖြစ်မိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာရှိတဲ့ မျိုးဆက်သစ်ဝါသနာရှင်တွေအားလုံး ဒီလိုပြိုင်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ဖို့ ပြောချင်ပါတယ်။ ဒီလို ပြိုင်ပွဲကြီးကျင်းပပေးတဲ့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုတွေ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်သလိုဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အလွန်ဝမ်းသာပါတယ်။

**မောင်လျှန်းထက်စိုး (ကချင်ပြည်နယ် ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်တော်ကတော့ အခြေခံပညာအဆင့် အသက်၁၀နှစ်နှင့် ၁၅နှစ် အခြေခံ ကာလပေါ်အဆိုပြိုင်ပွဲမှာ အရွယ်သုံးပါးသီချင်းနဲ့ ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ သီချင်းအပေါ်မှာ ကျေနပ်အားရပါတယ်။ ကျွန်တော်ပိုင်နိုင်တဲ့ သီချင်းကျတဲ့အတွက် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။ ဒီပြိုင်ပွဲကို ပထမဆုံးအနေနဲ့ ပါဝင်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ကျွန်တော့်ယှဉ်ပြိုင်မှုအတွက် ပထမ၊ ဒုတိယနဲ့ တတိယဆုတစ်ခုခုရရင် ကျေနပ်ပါတယ်။ သီချင်းဆိုရတာကို ငယ်ငယ်ကတည်းက စိတ်ဝင်စားခဲ့တာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးအတွက် ကျွန်တော်အများကြီး ကြိုးစားထားပါတယ်။

**တွေ့ဆုံမေးမြန်း - အေးအေးသန့်**

**ဓာတ်ပုံ - အောင်ရဲသွင်**

# (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှု ဓာတ်ပုံမြင်ကွင်း




ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဆိုင်းဝိုင်းကြီး အဖွဲ့အလိုက် အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်း ဒေသကြီး ကိုယ်စားပြု အဖွဲ့၏ မြိုင်မြိုင် ဆိုင်ဆိုင် ယှဉ်ပြိုင်မှု။



အဆင့်မြင့်ပညာအဆင့် အမျိုးသားမဟာဂီတတေးသီချင်း ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ သီဆိုယှဉ်ပြိုင်မှု။



အခြေခံပညာအဆင့် အသက် (၁၀-၁၅) အမျိုးသား ကာလပေါ်တေးသီချင်း ပြိုင်ပွဲတွင် ချင်းပြည်နယ်မှ သီဆိုယှဉ်ပြိုင်မှု။



ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသား မဟာဂီတတေးသီချင်း ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ သီဆိုယှဉ်ပြိုင်မှု။



အခြေခံပညာအဆင့် အသက် (၁၀-၁၅) အကပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်၏ ကပြယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားအက ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်၏ ကပြယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



အခြေခံပညာ အဆင့် အသက် (၁၅-၂၀) နဲ့ပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ယှဉ်ပြိုင်မှုကိုတွေ့ရစဉ်။



အခြေခံပညာ အဆင့် အသက် (၁၀-၁၅) တယော အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်၏ တီးခတ်ယှဉ်ပြိုင်မှု။

ဓာတ်ပုံ - ကျော်ရဲဆွေ၊ ဇင်ဦး၊ ဟိန်းဇော်

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ကောင်စီ၏ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၆**

နေပြည်တော်ကောင်စီ၏ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်းရှိ MSME လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် MSME လုပ်ငန်းများကို အားသွန်ခွန်စိုက် ထုတ်လုပ်ခြင်းအားဖြင့် နိုင်ငံ၏ GDP တိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် သက်ဆိုင်ရာဌာနဆိုင်ရာများက ဝိုင်းဝန်းပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်စေလိုကြောင်း၊ နေပြည်တော်ကို Clean City, Green City, Smart City ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ဌာနဆိုင်ရာများ အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက သီတင်းကျွတ်လပြည့်နေ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ဆီမီးကိုးထောင် ပူဇော်မည့်ကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ခရီးသွားများ လွယ်ကူစွာသွားလာနိုင်ရေးအတွက် ပွင့်လင်းရာသီတွင် လမ်းများအားလုံးကောင်းမွန်စေရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆောင်းသီးနှံ၊ နွေစပါးနှင့် ရေရရှိမှုအပေါ်မူတည်၍ နွေစပါး၊ Contract Farning များ စိုက်ပျိုးမှုအခြေအနေများ၊ နေပြည်တော်တွင် ဝက်များ ဆာဗိုဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှု၊ ရောဂါထိန်းချုပ်မှု၊ ဇီဝလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ တောင်ကျရေကြောင့် ကမ်းပါးပြိုလုပ်ငန်းများ ထိန်းသိမ်းခြင်းနှင့်ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ စားသုံးဆီရောက်ရှိဖြန့်ခွဲမှုအခြေအနေများ၊ Quick Win အစီအမံ(၅)ရပ်နှင့် လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးရမိမှုအခြေအနေများ၊ မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး၊ လမ်းတံတားများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး လုပ်ငန်းများအောင်မြင်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီးဦးရဲတင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြား

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်ရုံး၊ ဟင်္သာတခရိုင်ရုံးနှင့် ဟင်္သာတမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အင်္ဂပူမြို့နယ်ရုံး၊ မြန်အောင်မြို့နယ်ရုံး၊ ကြံခင်းမြို့နယ်ရုံးနှင့် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ရုံးတို့ကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအားတွေ့ဆုံသည်။

ယနေ့နံနက်ပိုင်းတွင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်ခရိုင်ရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပေါက်ခေါင်းမြို့နယ်၊ သဲကုန်းမြို့နယ်နှင့် ရွှေတောင်မြို့နယ်တို့မှ ဦးစီးမှူးများအား တွေ့ဆုံ၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်မြို့ ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** ဇုန်နယ် တာဝန်ခံအပါအဝင် ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပေါင်းတည်မြို့နယ်ရုံး၊ နတ်တလင်းမြို့နယ်ရုံး၊ ဇီးကုန်းမြို့နယ်ရုံး၊ ကြို့ပင်ကောက်မြို့နယ်ရုံး၊ အုတ်ဖိုမြို့နယ်ရုံးနှင့် မင်းလှမြို့နယ်ရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ညနေပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သာယာဝတီခရိုင်ရုံးကို ကြည့်ရှုစစ်ဆေး၍ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် မိမိတို့၏ အဓိကတာဝန်ဖြစ်သည့် ပြန်ကြားရေးနှင့် အသိပညာပေးလုပ်ငန်းများကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြရန်၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်တိုးတက်ရေး ညှိနှိုင်းဆောင်ရွက်ကြရန်၊ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေးနှင့် အသိပညာဗဟုသုတ ပြန့်ပွားစေရေးကို အလေးထား ဆောင်ရွက်ကြရန်၊ လူငယ်များအကြား မိမိတို့နိုင်ငံ၏ယဉ်ကျေးမှု ဓလေ့ထုံးစံများကို အလေးထားပြီး နိုင်ငံခြားယဉ်ကျေးမှုများ ထိုးဖောက် ဝင်ရောက်လာမှုကို တားဆီးကာကွယ်ရေး အသိပညာပေးရန်။

မကြာမီ ကျရောက်မည့် အမျိုးသားနေ့၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့တို့တွင် ဦးတည်ချက်များနှင့်အညီ ကျင်းပနိုင်ရေး၊ အထိမ်းအမှတ်ပြပွဲ၊ ပြိုင်ပွဲများ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲများ ကျင်းပနိုင်ရေးတို့ကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်၊ ကျောင်းသား ကျောင်းသူများ နွေရာသီ ကျောင်းပိတ်ရက်တွင် အားလပ်ရက် အလဟဿ မဖြစ်စေရေး သင်တန်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရန်၊ နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် အမိန့်ဌာနနှင့် ကျင့်ဝတ်များကို လိုက်နာပြီး စည်းကမ်းပြည့်ဝသော တာဝန်ကျေပွန်သော ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားကြရန်၊ အဆောက်အဦနှင့် စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အမြဲစစ်ဆေး ထိန်းသိမ်း ပြုပြင်ကြရန်၊ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ အောင်မြင်ရေးကို သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ အောင်မြင်အောင် ဆောင်ရွက်ကြရန်တို့ကို မှာကြားပြီး ဝန်ထမ်းများ၏ ရုံးပိုင်းဆိုင်ရာနှင့် ဝန်ထမ်းရေးရာတင်ပြချက်များကို ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



## နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည့် အစ္စရေးနိုင်ငံရောက် မြန်မာနိုင်ငံသားများပြန်လည်ရောက်ရှိ



**ရန်ကုန် အောက်တိုဘာ ၂၆**

အစ္စရေးနိုင်ငံတွင်ဖြစ်ပွားနေသော စစ်ပွဲအခြေအနေကြောင့် အခက်အခဲများနှင့် ကြုံတွေ့နေရသော မြန်မာနိုင်ငံသားများအား ကယ်ထုတ်ရေးစီမံချက်အရ နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည့် အစ္စရေးနိုင်ငံရောက် မြန်မာနိုင်ငံသားများသည် အောက်တိုဘာ ၂၅ ရက်တွင် တဲလ်အဗီးမှ EI AI Airline LY 081 ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာလာခဲ့ပြီး ယနေ့ညပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းအမှတ် 8M 351 ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိကြသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် အစ္စရေးနိုင်ငံရောက် မြန်မာနိုင်ငံသားများအား နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနနှင့် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဓါတ်ပုံ)**

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော အစ္စရေးနိုင်ငံရောက် မြန်မာနိုင်ငံသားများဖြစ်ကြသည့် မမိုးသီတာအောင်၊ မခင်နှင်းအိ၊ ဒေါ်လမိုင်းမိုင်ရွာနှင့် ဦးအောင်ကျော်ဦးတို့ လေးဦးဖြစ်သည်။ ၎င်းတို့လေးဦးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မိသားစုဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် လိုက်ပါသွားကြသည်။

**သတင်းစဉ်**

# အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက မြေပြင်ထိုးစစ်ဆင်တိုက်ခိုက်ခြင်းများပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေကြောင်းပြော

**တဲလ်အဗစ် အောက်တိုဘာ ၂၆**
အစ္စရေးတင့်ကားများနှင့် တပ်ဖွဲ့ဝင်များသည် ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းအစ္စလမ္မာစ် အုပ်စုဟားမားစ်တို့၏ စစ်ဘက်ဆိုင်ရာ အဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်ရန် ဂါဇာကမ်းမြောင်ဒေသသို့ အောက်တိုဘာ ၂၅ ရက်ညက ဝင်ရောက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားလိုက်သည်။



ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းတွင် ပြုလုပ်သော စစ်ဆင်ရေးသည် တိုက်ခိုက်မှုခြေလှမ်းသစ်အတွက် ပြင်ဆင်ခြင်းဖြစ်ကြောင်း အစ္စရေးကာကွယ်ရေး တပ်ဖွဲ့ဝင်များက ပြောသည်။ မိမိတို့၏တင့်ကားများနှင့် ခြေလျင်တပ်သည် အကြမ်းဖက်တပ်ဖွဲ့ဝင်များ၊ အခြေခံအဆောက်အအုံများနှင့် တင့်ကားပစ်ဒုံးခွင်းဒုံး အခြေစိုက်နေရာများကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတို့က ပြောကြားခဲ့သည်။

အစ္စရေးတို့ ထုတ်ပြန်လိုက်သော ဗီဒီယိုတွင် မြေညှိစက်များနှင့်အတူ စစ်ကား ၁၀ စီးသည် မြေပြင်အခြေအနေကိုရှင်းလင်းရန် ထွက်ခွာနေသည်ကို ဖော်ပြထားသည်။ ထို့အပြင် ဖြူမည်းဗီဒီယိုတွင် နယ်စပ်စည်းရိုးနားသို့ တင့်ကားပစ်လက်နက်ကြီးဖြင့် ပစ်ထားသဖြင့် တင့်ကားမှ မီးခိုးတလူလူ ထွက်နေသည်ကိုလည်း တွေ့မြင်နိုင်သည်။ ဗီဒီယိုကို ညဘက်တွင် ရိုက်ထားသည်ဟု ယူဆရသည်။ ထို့နောက် အစ္စရေးစစ်သားများသည် အစ္စရေးဘက်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်ဟု အစ္စရေးစစ်ဘက်က ပြောသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက မြေပြင်ထိုးစစ်ဆင်တိုက်ခိုက်ခြင်းများ ပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း အောက်တိုဘာ ၂၅ ရက်မိန့်ခွန်းတွင် ပြောကြားလိုက်သည်။ သို့သော်လည်း မည်သည့်အချိန်စတင်မည်ဟု ဖော်ပြခြင်းမပြုခဲ့ပေ။

အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ချက်ချခြင်းများကို စစ်ဘက်ဆိုင်ရာ ဝန်ကြီးများအဖွဲ့နှင့် အဆင့်မြင့်အရာရှိကြီးများနှင့် ဆွေးနွေးပြီးနောက် ပြုလုပ်ခဲ့ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောသည်။

ထို့ပြင် နေတန်ယာဟုသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် ဓားစာခံများ ဖမ်းဆီးထားသည့်နေရာများကို ခြေရာခံရေးနှင့် ဓားစာခံများကို ဘေးအန္တရာယ်ကင်းရှင်းစွာ လွှတ်ပေးရန် ဆွေးနွေးခဲ့ကြောင်း အိမ်ဖြူတော်က အောက်တိုဘာ ၂၅ ရက်တွင် ကြေညာခဲ့သည်။

အောက်တိုဘာ ၇ ရက်မှစကာ နှစ်ဖက်ဖြစ်ပွားသော တိုက်ခိုက်မှုများအတွင်း ၈၄၀၀ ကျော်သေဆုံးခဲ့ပြီးဖြစ်သည်။ အစ္စရေးဘက်မှ ၁၄၀၀ ထက်မနည်း သေဆုံးခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်နိုင်ငံ အရှေ့ပိုင်း မိန်းပြည်နယ်၌ သေနတ်ပစ်ခတ်မှုကြောင့် ၂၂ ဦးထက်မနည်း သေဆုံး

**ဝါရှင်တန် အောက်တိုဘာ ၂၆**
အမေရိကန်နိုင်ငံအရှေ့ပိုင်း မိန်းပြည်နယ်၌ သေနတ်ပစ်ခတ်မှုကြောင့် ၂၂ ဦးထက်မနည်း သေဆုံးပြီး ဒဏ်ရာရရှိသူပေါင်း ၅၀ မှ ၆၀ ကြားရှိသည်ဟု သိရသည်။ အောက်တိုဘာ ၂၅ ရက် ဒေသစံတော်ချိန် ၇ နာရီ ဝန်းကျင်က အခင်းဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူးဝစ်တန်မြို့တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြစ်မှုကျူးလွန်သူသည် ဘိုးလင်းကစားရာနေရာနှင့် အနီးအနားရှိ ဘားတစ်ခုတွင် ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး အခြားသောနေရာများတွင်လည်း ဆက်လက်ပစ်ခတ်ခဲ့သည်ဟုသိရသည်။ ရိုင်ဖယ်သေနတ်ကိုင်ဆောင်ထားသည့် ပစ်ခတ်သူ၏ဓာတ်ပုံကို ရဲများက ထုတ်ပြန်ခဲ့သည်။ ၎င်း၏အမည်မှာ ရောဘတ်ကတ်ဒ်ဖြစ်ပြီး အသက် ၄၀ ဝန်းကျင်ရှိသည်ဟု ဖော်ပြထားသည်။ ၎င်းကို ရဲများကလိုက်လံရှာဖွေနေပြီး ပြည်သူများအနေဖြင့် နေအိမ်တံခါးများ ပိတ်ထားကြပြီး နေအိမ်၌သာလုံလုံခြုံခြုံ နေထိုင်ကြရန်လည်း ရဲတပ်ဖွဲ့က ပြောသည်။ ဆေးရုံ၏အရေးပေါ်ဌာနတွင် လုပ်သား ၂၀၀ က ကူညီလုပ်ဆောင်ပေးနေပြီး ၎င်းတို့ထဲမှ အများစုမှာ စေတနာ့ဝန်ထမ်းအဖြစ် လာရောက်လုပ်ကိုင်နေကြခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာတစ်ဝန်း ရွှေ့ပြောင်းနေထိုင်သူ ၁၁၄ သန်းအထိ စံချိန်တင်များပြားလာကြောင်း ကုလပြော

**ဂျီနီဗာ အောက်တိုဘာ ၂၆**
စစ်ပွဲများ၊ အကြမ်းဖက်မှုများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခွင့်အရေးများ ချိုးဖောက်ခံရခြင်းကြောင့် ကမ္ဘာတစ်ဝန်း ရွှေ့ပြောင်းနေထိုင်သူဦးရေမှာ စက်တင်ဘာလကုန်ပိုင်းတွင် ၁၁၄ သန်းအထိ စံချိန်တင်များပြားလာကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များ အေဂျင်စီက အောက်တိုဘာ ၂၅ ရက်တွင် ပြောသည်။

ယခုနှစ် ဇူလိုင်လကုန်ပိုင်းအထိ ကမ္ဘာအနှံ့အတင်းအကျပ်ဖိအားပေးမှုကြောင့် ရွှေ့ပြောင်းနေထိုင်ရသူ သန်း ၁၁၀ ရှိပြီး ၂၀၂၂ ခုနှစ် ကုန်ပိုင်းနှင့် နှိုင်းယှဉ်လျှင် ၁ ဒသမ ၆ သန်း တိုးလာခြင်းဖြစ်သည်။

စက်တင်ဘာ လကုန်ပိုင်း အရောက်တွင် နောက်ထပ် လေးသန်းတိုးလာပြီး စုစုပေါင်း အရေအတွက်မှာ ၁၁၄ သန်းအထိ ရှိလာသည်။

အဆိုပါ အရေအတွက်တွင် အောက်တိုဘာ ၇ ရက်မှစတင်ဖြစ်ပွားခဲ့သည့် အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် နေရပ်ရွှေ့ပြောင်းကာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့်ဦးရေကို ထည့်ပေါင်းထားခြင်းမရှိသေးကြောင်း သိရသည်။ **ဆင်ဟွာ**

# နာရီတာလေဆိပ်၌ လုပ်သားရှားပါးမှုနှင့် ဆိုးဆိုးရွားရွား ရင်ဆိုင်နေရ

**တိုကျို အောက်တိုဘာ ၂၆**
ဂျပန်နိုင်ငံ နာရီတာလေဆိပ်တွင် ဈေးဆိုင်အရေအတွက်နှင့်ဝန်ထမ်းအရေအတွက်မှာ ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ထိခိုက်ခဲ့ရသည်။ ယင်းသို့ လုပ်သားအင်အားကျဆင်းမှုကြောင့် ကမ္ဘာလှည့်ခရီးသွားများနှင့် အခြားသောခရီးသွားများ ပြန်လည်များပြားလာသည့်ကာလတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ခက်ခဲသည့်အချိန်ဖြစ်လာခဲ့သည်။ နာရီတာလေဆိပ်တွင် ဈေးဆိုင်၊ စားသောက်ဆိုင်ပေါင်း ၆၁၉ ခုရှိသည်ဟု လေဆိပ်အော်ပရေတာမှဖေဖော်ဝါရီလအတွင်းက စစ်တမ်းကောက်ယူခဲ့သည်။

အဆိုပါ အရေအတွက်မှာ ၂၀၁၇ ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ၈ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်သည်။ လုပ်သားအရေအတွက်မှာလည်း ၃၆၃၀၀ ဝန်းကျင်မှ ၇၀၀၀ ခန့်သို့ကျဆင်းသွားသည်။ လုပ်သားအရေအတွက် ၁၆ ရာခိုင်နှုန်းကျဆင်းသွားခြင်းဖြစ်သည်။ ယင်းသို့အရေအတွက်များ ကျဆင်းလာခြင်းသည် ခရီးသွားလာမှုပြန်လည်များပြားလာသည့်ကာလတွင် လေဆိပ်အော်ပရေတာအတွက် ခေါင်းခဲစရာပင်ဖြစ်သည်။ လေဆိပ်ရှိလုပ်ငန်းများဆောင်ရွက်ရန် ဝန်ထမ်းအင်အား အကြမ်းဖျင်းအားဖြင့် ၇၀၀၀၀ ခန့် လိုအပ်သည်ဟု အော်ပရေတာက မျှော်မှန်းထားသည်။ **အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

(၂၆-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၅-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁၀-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၃၃ |
| 95 Ron | ၂၀၅၀ | ၂၁၂၅ |
| HSD (500 ppm) | ၂၁၉၆ | ၂၂၆၉ |
| HSD (50 ppm) | ၂၃၀၃ | ၂၃၇၉ |
| HSD (10 ppm) | ၂၃၀၉ | ၂၃၈၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ငြိမ်းချမ်းသာယာဝပြောသော အနာဂတ်ကို အတူတကွ မျှဝေတည်ဆောက်

ကိုကိုလှိုင်

အနောက်ဘက်ကမ္ဘာတစ်ခြမ်းတွင် သေနတ်သံ၊ ဗုံးသံ၊ ဧရဲပွက်သံများဖြင့် ဆူညံနေသောကာလ၌ အေးချမ်းသာယာသော ရပ်ဝန်းတစ်ခုသို့ ကျွန်တော်တို့ ခြေချမိခဲ့ကြသည်။ ကျွန်တော်တို့ဆိုသည်မှာ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဖြစ်ပြီး အေးချမ်းသာယာသောရပ်ဝန်းဆိုသည်မှာ မြန်မာကိုယ်စားလှယ်အဖွဲ့ အောက်တိုဘာလ ၁၅ နှင့် ၁၆ ရက်တို့တွင် တက်ရောက်ခဲ့သည့် **"တတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်"** ကျင်းပရာဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တော်ဖြစ်သည်။

### လေလှိုင်းပေါ်တွင် မီဒီယာစစ်ပွဲအဖြစ် ကူးစက်ရောက်ရှိ

ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့တည်းခိုရာ ပေကျင်းနိုင်ငံတကာဟိုတယ်သို့ရောက်ရှိ နေရာချထားပြီးသည်နှင့် အခန်းထဲမှ ရုပ်မြင်သံကြားကို ဖွင့်လိုက်ရာ ရုပ်သံလိုင်း အတော်များများက အစ္စရေး-ပါလက်စတိုင်း ဂါဇာပဋိပက္ခကို ပြသနေကြသည်။ တရုတ်နိုင်ငံအတွင်းသို့ ဆိုက်ဘာ မဟာတံတိုင်း (Cyber Great Firewall) ကြီးကို ဖြတ်ကျော်ဝင်ရောက်လိုက်သည်နှင့် Facebook, Google, Gmail စသည့် ရှိရှိသမျှ အနောက်နိုင်ငံသုံး အင်တာနက် ဆက်သွယ်ရေးလမ်းကြောင်းများ အဆက်အသွယ် ပြတ်သွားကြသည်ဖြစ်ရာ တရုတ်နိုင်ငံသုံး WeChat, Beidu စသည့် လမ်းကြောင်းများ မဖွင့်ထားခဲ့လျှင် ကမ္ဘာကြီးနှင့် ဒစ်ဂျစ်တယ်လမ်းကြောင်း ပြတ်တောက်သွားတော့သည်။ ထို့ကြောင့် ဟိုတယ်ခန်းထဲမှ ရုပ်မြင်သံကြားသည်သာ ကမ္ဘာကြီး၌ ဖြစ်ပျက်နေသမျှ မြင်တွေ့နိုင်သည့် တစ်ခုတည်းသောပြတင်းပေါက် ဖြစ်လာလေသည်။ ရုပ်မြင်သံကြားလိုင်းများတွင်လည်း ဂါဇာပဋိပက္ခကို မိမိတို့ အားသန်သည့် အမြင်များဖြင့် တင်ဆက်ပြသနေကြသည်။ CNN ရုပ်သံလိုင်းက ဟားမားစ်အဖွဲ့၏ အကြမ်းဖက် တိုက်ခိုက်မှုများကို အလေးပေးပြသနေချိန်တွင် တရုတ်ရုပ်သံလိုင်းများတွင် အစ္စရေးတင့်ကားနှင့် သံချပ်ကာယာဉ်များက ဂါဇာနယ်စပ်တွင် မြေပြင်ထိုးစစ်ကြီးဆင်နွှဲရန် ရာနှင့်ချီ၍ စုရုံးနေပုံကို ပြသနေသည်။ ရုရှားရုပ်သံလိုင်း RT က ဂါဇာတွင် အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် တိုက်တာအိမ်ခြေအဆောက်အဦများ ပြားပြားဝပ်ပြိုကျပျက်စီးနေပုံ၊ ဂါဇာပြည်သူလူထု ထိခိုက်ဒဏ်ရာရ သေဆုံးနေကြပုံများကို ပြသနေသည်။ အောက်တိုဘာလ ၁၆ ရက်နေ့တွင်မူ ဂါဇာဆေးရုံ တစ်ရုံအပေါ် ဒုံးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ကလေးငယ်အများစုအပါအဝင် လူများ ရာနှင့်ချီ၍ သေဆုံးကြသည့်သတင်း တက်လာသည်။ အရှေ့အလယ်ပိုင်းနှင့် အာရပ်ကမ္ဘာတွင် အစ္စရေးလက်ချက်ဟု တညီတညွတ်တည်း စွပ်စွဲကာ လူထုအုံကြွဆန္ဒပြမှုများ ပျံ့နှံ့ဖြစ်ပွားလာသည်ကို တရုတ်နှင့် ရုရှားရုပ်သံလိုင်းများတွင် တွေ့မြင်နေရချိန်တွင် အမေရိကန် CNN က ယင်းဖြစ်ရပ်မှာ အစ္စရေး၏လက်ချက်မဟုတ်ဘဲ အစ္စလာမ့်စ်ဂျီဟတ်စစ်သွေးကြွအဖွဲ့၏ လက်ချက်ဖြစ်သည်ဟု ဖော်ပြနေသည်။ ဂါဇာကမ်းမြောင်ဒေသ၏ မြေပြင်စစ်ပွဲက လေလှိုင်းပေါ်တွင်လည်း မီဒီယာစစ်ပွဲအဖြစ်သို့ ကူးစက်ရောက်ရှိနေခဲ့လေသည်။

အရှေ့အလယ်ပိုင်းဒေသတွင် စစ်မီးတောက်မီးလျှံများ၊ ဒုံးသံ၊ ဗုံးသံ၊ သေနတ်သံများဖြင့် ဧရဲပွက်နေချိန်တွင် နိုင်ငံပေါင်း ၁၃၀ နှင့် နိုင်ငံတကာအဖွဲ့အစည်း ၃၀ ကျော်မှ အဆင့်မြင့် ကိုယ်စားလှယ်များ၊ နိုင်ငံအကြီးအကဲများ ပါဝင်တက်ရောက်နေကြသည့် ရပ်ဝန်းနှင့် ပိုးလမ်းမဖိုရမ်တွင်မူ တရုတ်ရိုးရာဂီတအဖွဲ့၊ တရုတ်နိုင်ငံတော် သြချက်စတြာတီးဝိုင်းနှင့် တရုတ်တပ်မတော် စစ်တီးဝိုင်းတို့၏ သာယာငြိမ့်ညောင်းသော ဂီတသံတို့က လွှမ်းမိုးနေသည်။ အရှေ့အလယ်ပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် အပြတ်ရှင်းလင်း သုတ်သင်ရန် ကြိမ်းဝါးနေကြချိန်တွင် ဤဖိုရမ်၌မူ ကမ္ဘာကြီးငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် နိုင်ငံအများ ပူးပေါင်းဆောင်ရွက်ရေးကို ညှိနှိုင်းဆွေးနွေးနေကြသည်။

> **ကမ္ဘာ့နိုင်ငံအများစုက ထိုကဲ့သို့ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးအတွက် နိုင်ငံခေါင်းဆောင်များနှင့် အဆင့်မြင့်ကိုယ်စားလှယ်များ ကိုယ်တိုင် လာရောက်စုစည်းကာ အမြင်ချင်းဖလှယ်၍ အပြုသဘော ဆွေးနွေးနေကြချိန်တွင် ကိုယ်တိုင်လည်း မပါဝင်၊ အကောင်းမြင်သဘောဖြင့် ရှုမြင်နိုင်ခြင်းလည်းမရှိဘဲ အောင့်အည်းအောင့်သက် ဘေးထွက်ထိုင်ကာ အမနာပ ပြောဆိုကြသူတစ်စုတော့ ရှိပါလေသည်။ ရေရှည်ကာလတွင်မူ လက်တွေ့ကျကျ အခြေခံပြည်သူလူထု၏ အကျိုးစီးပွားကို အမှန်ဖော်ဆောင်ပေးနိုင်သော အစီအစဉ်တို့ကသာ လွှမ်းမိုးအောင်မြင်သွားပေလိမ့်မည်**

အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျင်းပသည့် ဖိုရမ်ဖွင့်ပွဲအခမ်းအနား၌ တရုတ်သမ္မတ ရှီကျင့်ဖျင်က ရပ်ဝန်းနှင့် ပိုးလမ်းမ အစီအစဉ် ဆက်လက်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံက ဆက်လက်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် ၈ ရပ်ကို တင်ပြခဲ့သည်။ ယင်းလုပ်ငန်းစဉ်များကို အကျဉ်းချုပ်ဖော်ပြရပါလျှင် ရပ်ဝန်းနှင့် ပိုးလမ်းမ ဘက်စုံဆက်သွယ်မှုကွန်ရက်တည်ဆောက်ရေး၊ ကမ္ဘာ့စီးပွားရေးကို ပွင့်လင်းလွတ်လပ်စွာဆောင်ရွက်နိုင်ရန်အတွက် အားပေးထောက်ခံရေး၊ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ရေး၊ သိပ္ပံနှင့်နည်းပညာ တီထွင်ဆန်းသစ်မှုများ တိုးတက်ဆောင်ရွက်ရေး၊ ပြည်သူလူထုအချင်းချင်း ဆက်သွယ်ထိတွေ့ဆက်ဆံမှုကို ထောက်ပံ့အားပေးရေး၊ ပေါင်းစည်းမှုအခြေပြုရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်ရေး၊ နိုင်ငံတကာရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှုအတွက် စနစ်တကျဖွဲ့စည်းဆောင်ရွက်မှုများကို ခိုင်ခိုင်မာမာ တည်ဆောက်သွားရေးတို့ဖြစ်သည်။

ဤဖိုရမ်၏ ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများတွင် ဖော်ပြပါအချက် ၈ ချက်ကို မူတည်၍ ခေါင်းစဉ်တပ်ကာ သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများက ပါဝင်ဆွေးနွေးခဲ့ကြသည်။ ဖိုရမ်ဖွင့်ပွဲအခမ်းအနား၌ ရပ်ဝန်းနှင့် ပိုးလမ်းမ အစီအစဉ်တွင်ပါဝင်သည့် ကမ္ဘာ့နေရာဒေသအသီးသီးမှ နိုင်ငံခေါင်းဆောင် ၅ ဦးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့က အနှစ်ချုပ် မိန့်ခွန်းများ မှတ်ချက်ပြု ပြောကြားခဲ့ကြသည်။ အရှေ့ဥရောပဒေသမှ ရုရှားသမ္မတပူတင်က ကမ္ဘာ့မဟာဗျူဟာအနေအထားနှင့်ပတ်သက်၍ တစ်နိုင်ငံတည်း ကြီးစိုးခြယ်လှယ်သည့် Unilateralism မှေးမှိန်လာကာ နိုင်ငံစုံဆက်ဆံမှုမူဝါဒ Multi-lateralism က အစားထိုးဝင်ရောက်လာမှုကို အလေးထား ပြောကြားသွားခဲ့ပြီး ရပ်ဝန်းနှင့် ပိုးလမ်းမ အခြေခံမူများဖြစ်သည့် လူ့ယဉ်ကျေးမှုအဖွဲ့အစည်းများအကြား ကွဲပြားမှုအပေါ် အသိအမှတ်ပြုလေးစားရေးနှင့် နိုင်ငံတိုင်းက မိမိတို့နှစ်သက်ရာ ဖွံ့ဖြိုးတိုးတက်မှုပုံစံကို ရွေးချယ်ပိုင်ခွင့်တို့အပေါ်မူတည်ကာ နိုင်ငံချင်း တန်းတူရည်တူ၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ထောက်ခံပြောကြားသွားခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသမှ ကာဇက်စတန်သမ္မတ တိုကာယက်ပ်ကလည်း ယင်းတို့နိုင်ငံအနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမ အစီအစဉ်ကြောင့် ကုန်းတွင်းပိတ်နိုင်ငံ (Land Locked) ဘဝမှ ကုန်းတွင်း ချိတ်ဆက်ပေါင်းကူးနိုင်ငံ (Land Link) နိုင်ငံဖြစ်လာခဲ့ပြီး အကျိုးစီးပွား ဖြစ်ထွန်းခဲ့မှုများကို ဝမ်းမြောက်ဝမ်းသာ ပြောကြားသွားခဲ့သည်။

အရှေ့တောင်အာရှဒေသမှ အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုက ကွဲပြားမှုကြီးမားနေသည့် ကမ္ဘာကြီးတွင် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများအနေဖြင့် ပေါင်းစည်းအင်အားတည်ဆောက်၍ စုပေါင်းညီညာဆောင်ရွက်ကြရန် လိုအပ်မှုကို မီးမောင်းထိုးပြောကြားသွားခဲ့သည်။

တောင်အမေရိကတိုက်မှ အာဂျင်တီးနားသမ္မတ ဖာနန်ဒက်ဇ်ကလည်း ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ်၌ တရုတ်နိုင်ငံ၏ ဦးဆောင်မှုကဏ္ဍကို ချီးမွမ်းပြောကြားသွားပြီး နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းအင်အား ရယူရေးကို အလေးထားဖော်ပြ မှတ်ချက်ပြုသွားခဲ့သည်။

အာဖရိကဒေသမှ အီသီယိုးပီးယားဝန်ကြီးချုပ် အာမက်က အာဖရိကနိုင်ငံများအနေဖြင့် ယခင်က ကမ္ဘာ့အရေးအရာများတွင် ဘေးဖယ်ချောင်ထိုးခံထားခဲ့ရသည့်အဖြစ်မှ ယခုအခါ တိုးတက်ပြောင်းလဲမှုများ ပေါ်ပေါက်လာခဲ့ပြီဖြစ်ကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမ အစီအစဉ်ကြောင့် ဒေသခံများ လူမှုစီးပွားရေးဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမှုကို အထူးပြုပြောကြားသွားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်က ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ သန်းထောင်ချီရှိသော ပြည်သူများ၏ နေ့စဉ်ဘဝအတွက် အခြေခံဖြစ်သည့် သောက်သုံးရေ၊ လျှပ်စစ်ဓာတ်အား၊ လမ်းတံတား၊ ဆေးရုံ၊ ကျောင်းစသော အခြေခံအဆောက်အဦများ ရရှိနိုင်ရေးအတွက် အထူးအရေးပါသော အစီအစဉ်ဖြစ်ကြောင်း ထောက်ခံပြောကြားသွားခဲ့သည်။

ကမ္ဘာ့နိုင်ငံအများစုက ထိုကဲ့သို့ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးအတွက် နိုင်ငံခေါင်းဆောင်များနှင့် အဆင့်မြင့် ကိုယ်စားလှယ်များ ကိုယ်တိုင်လာရောက်စုစည်းကာ အမြင်ချင်းဖလှယ်၍ အပြုသဘော ဆွေးနွေးနေကြချိန်တွင် ကိုယ်တိုင်လည်း မပါဝင်၊ အကောင်းမြင်သဘောဖြင့် ရှုမြင်နိုင်ခြင်းလည်း မရှိဘဲ အောင့်အည်းအောင့်သက် ဘေးထွက်ထိုင်ကာ အမနာပ ပြောဆိုကြသူ တစ်စုတော့ ရှိပါလေသည်။ ရေရှည်ကာလတွင်မူ လက်တွေ့ကျကျ အခြေခံပြည်သူလူထု၏ အကျိုးစီးပွားကို အမှန်ဖော်ဆောင်ပေးနိုင်သော အစီအစဉ်တို့ကသာ လွှမ်းမိုးအောင်မြင်သွားပေလိမ့်မည်။

### လူထုဆက်ဆံရေးပညာကို ထိရောက်စွာအသုံးချနိုင်

အခြေခံလူထု၏ အကျိုးစီးပွားကို ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ်က လက်တွေ့ကျကျ ဖော်ဆောင်ပေးနေမှုကို ကျွန်တော်ပါဝင်တက်ရောက်ခဲ့သော ပြည်သူချင်း ဆက်သွယ်ထိတွေ့ဆက်ဆံရေး ဘာသာရပ်ဖိုရမ်တွင် တွေ့မြင်ခဲ့ရသည်။ ဤဘာသာရပ်ဆိုင်ရာဖိုရမ်၏ ထူးခြားချက်မှာ ဖိုရမ်တို့၏ ထုံးတမ်းစဉ်လာအတိုင်း ဦးဆောင်ဆွေးနွေးသူ Panelist တို့၏ ပါဝင်ဆွေးနွေးမှုကို တိုတိုကျဉ်းကျဉ်း ပြုလုပ်ပြီး လက်တွေ့နယ်ပယ်၌ ပြည်သူချင်းထိတွေ့ဆက်ဆံမှု လုပ်ငန်းများ၏ အောင်မြင်စွာ ဖော်ဆောင်နိုင်မှုများကို ဖြစ်ရပ်မှန်သရုပ်ဖော်ပြကွက် Story Telling acts များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် တင်ဆက်သွားရာ ဖိုရမ်တက်ရောက်လာသူများအတွက် အသိပညာလည်းရ ဖျော်ဖြေတင်ဆက်မှုများကြောင့် အငြီးလည်းပြေကာ ပရိသတ်၏ စိတ်ဝင်စားမှုကို ရယူနိုင်ခဲ့သော တီထွင်ဖန်တီးမှုအဖြစ် မြင်ရသည်။ ယင်းသည်ပင် လူထုဆက်ဆံရေးပညာ Public Relation ကို ထိရောက်စွာအသုံးချနိုင်မှုကို ဖော်ပြနေခြင်း ဖြစ်လေသည်။

အဆိုပါပြကွက်များမှ ကျွန်တော် အမှတ်ထင်ထင်ရှိခဲ့ရသော ဖြစ်ရပ်အချို့ကို မှတ်မိနေပါသေးသည်။ ပထမဖြစ်ရပ်တစ်ခုမှာ တရုတ်သမ္မတ ရှီကျင့်ဖျင်ထံ စာရေးသားပေးပို့ခဲ့သော လာအိုနိုင်ငံမှ ကျေးရွာလေးတစ်ခုမှ မူလတန်းကျောင်းသူလေးကို သမ္မတရှီကိုယ်တိုင် ပြန်စာရေးသားပေးပို့ခဲ့သည့်အပြင် ထိုကျောင်းသူလေးနှင့် ကျောင်းအုပ်ဆရာမကြီးကိုပါ ယခုဖိုရမ်သို့ ဖိတ်ကြားကာ ဖိုရမ်တက်ရောက်လာသူများနှင့် မိတ်ဆက်ပေးခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ကျောင်းသူလေးက သူတို့မူလတန်းကျောင်းကို တရုတ်-လာအို မီးရထားလမ်းဆောက်လုပ်ရေးကုမ္ပဏီက လူမှုတာဝန်သိ လုပ်ငန်းအဖြစ် အသစ်ဆောက်လုပ်ပေးခဲ့ကြောင်း၊ တရုတ်ပရဟိတ ဆရာမနှစ်ဦးကလည်း တရုတ်ဘာသာစကား လာရောက်သင်ကြားပေးခဲ့ကြောင်း၊ ယင်းအတွက် တရုတ်သမ္မတကြီးထံ စာရေးသား

*စာမျက်နှာ ၁၇ သို့*

# (၆၈) နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံခရိုင်လူထုအခြေပြုဗဟိုဌာန တစ်ထပ်မြှင့်အဆောက်အဦဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ဘားအံ အောက်တိုဘာ ၂၆

**၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျရောက်မည့် (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ပံ့ပိုးမှုဖြင့် အဆင့်မြှင့်တင်ဆောက်လုပ်ခဲ့သော ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ ဘားအံခရိုင်လူထုအခြေပြုဗဟိုဌာန(Community Centre) အဆောက်အအုံဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီက အဆိုပါ Centre တည်နေရာ၌ကျင်းပသည်။**



ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်၊ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် လူမှုရေးရာဝန်ကြီး ဦးစိုးလွင်တို့က ဘားအံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) တစ်ထပ်မြှင့် အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအဖွဲ့၏ ကပြသီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြကာ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

**တိုက်တွန်းမှာကြား**

ထို့နောက် အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲကို အဆိုပါ Centre အပေါ်ထပ်အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း တိုင်းရင်းသားလူငယ်လူရွယ်များအတွက် အသိပညာပေးရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် လူထုအခြေပြုဗဟိုဌာန (Community Centre) ကို ဘားအံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးဝင်းအတွင်း ဖွင့်လှစ်ထားရှိပြီးဖြစ်သော်လည်း ယခင်ထက်ပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် လက်ရှိအဆောက်အအုံကို အပေါ်တစ်ထပ်မြှင့်ပြီး ဘက်စုံသုံးခန်းမဖြစ်အောင် မိမိတို့ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၅၅၀ ပံ့ပိုးမှုဖြင့် ထပ်မံအဆင့်မြှင့်တင်ပေးခြင်းဖြစ်ကြောင်း၊ ဘားအံခရိုင် Community Centre ကို ပြည်သူများ အမှန်တကယ် ရင်းနှီးကျွမ်းဝင်ပြီး ဝင်ထွက်သွားလာနိုင်သည့်နေရာ၊ အသိပညာဆည်းပူးရာနေရာ၊ သတင်းအချက်အလက်များရယူရာနေရာ၊ ကျောင်းသားလူငယ်များ အတတ်ပညာရှာမှီးရာနေရာအဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးထံ လူထုအခြေပြုဗဟိုဌာန (Community Centre) နှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး သုတ၊ ရသ စာအုပ်များ ဝယ်ယူရန် ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ကာ ဘားအံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့က လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမတွင် အသုံးပြုရန် ဆောင်းဘောက်နှင့် အမ်ပလီဖိုင်ယာတစ်စုံအတွက် ငွေကျပ် ၇ သိန်းကို ထောက်ပံ့ပေးအပ်ရာ ညွှန်ကြားရေးမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

**တေးသီချင်းဖြင့် ဖျော်ဖြေ**

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်က ဒေသအကျိုးပြု အစဉ်ရေးရှု လူထုအခြေပြုသီချင်းအား ရေးစပ်သီကုံးပေးသော တေးရေးဆရာ ဦးအောင်မြင့်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ညွှန်ကြားရေးမှူး ဦးမောင်မောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဘားအံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက ဒေသအကျိုးပြု အစဉ်ရေးရှု လူထုအခြေပြု တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားပြီး ဘားအံခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) အပေါ်ထပ် အစည်းအဝေးခန်းကို ကြည့်ရှုစစ်ဆေးကာ မြေညီထပ်ရှိ စာအုပ်သိုလှောင်ခန်းအတွင်း စာအုပ်စာစောင်များ သိုလှောင်ထားရှိမှုအခြေအနေ၊ အခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်သင်ကြားပို့ချနေမှု အခြေအနေ၊ Community Centre လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့ကြကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

---

*စာမျက်နှာ ၁၆ မှ*

ခဲ့ရာ မမျှော်လင့်ဘဲ သမ္မတကြီးထံမှ ပြန်စာရ၍ အလွန်ဝမ်းသာရပါကြောင်း၊ ယခုတရုတ်နိုင်ငံသို့ လာရောက်ခဲ့ရာတွင်လည်း တရုတ်-လာအို မြန်နှုန်းမြင့် မီးရထားကြီးကို စီး၍လာရသဖြင့် အလွန်ပျော်ရွှင်မိပါကြောင်း၊ လာအိုသံဝဲဝဲ တရုတ်ဘာသာစကားဖြင့် မပြောတတ် ပြောတတ် ပြောကြားခဲ့ရာ သောင်းသောင်းဖြဖြ အားပေးမှုကို ရရှိခဲ့သည်။

နောက်ထပ်ပြကွက်တစ်ခုမှာ ငယ်စဉ်ကပင် ဖျားနာကာ အာရုံကြောထိခိုက်မိ၍ ဆွံ့အနားမကြားဖြစ်နေသော ကမ္ဘောဒီးယား မိန်းကလေးငယ်တစ်ဦးကို စေတနာ့ဝန်ထမ်း တရုတ်တိုင်းရင်းဆေးပညာရှင်အဖွဲ့က အပ်စိုက်ကုသပေးခဲ့မှု ဖြစ်သည်။ အဆိုပါမိန်းကလေးမှာ မိဘက ငွေကြေးမတတ်နိုင်သဖြင့် ဆေးဝါးမကုသနိုင်ဘဲ ကြီးပြင်းလာခဲ့ရာ အပျိုပေါက်အရွယ်ရောက်မှ တရုတ်အပ်စိုက်ကုအဖွဲ့က ကုသပေးခဲ့ခြင်းဖြစ်သည်။ မိန်းကလေးမှာ အပ်များကိုတွေ့မြင်ပြီး ကြောက်လန့်ကာ အစိုက်မခံဘဲ ငြင်းဆန်နေမှုကြောင့် အပ်စိုက်ပညာရှင်ကိုယ်တိုင် သူ့အပ်ကို သူ့မျက်နှာတွင် စိုက်ပြခဲ့ရသည်။ အပ်စိုက်ကုသ၍ နားကြားလာချိန်တွင် ကံမကောင်းအကြောင်းမလှစွာ မိုးကြိုးပစ်သံကို အနီးကပ်ကြားလိုက်ရသဖြင့် အကြောက်လွန်ကာ နားအကြားအာရုံ ပျောက်ကွယ်သွားရပြန်သည်။ တရုတ်ဆေးပညာရှင်အဖွဲ့မှာ နားရောဂါကိုလည်း ဆေးကု၊ စိတ်ပိုင်းဆိုင်ရာကိုလည်း ကုသပေးခဲ့ရသည်။ ထိုကမ္ဘောဒီးယား မိန်းကလေးနှင့် သူ၏ မိခင်ကိုပါ ဖိုရမ်သို့ ဖိတ်ခေါ်၍ ယခင်ကုသမှု ဗီဒီယိုမှတ်တမ်းများနှင့်ပါ တွဲဖက်၍ တင်ပြခဲ့သည်။ တရုတ်ဘာသာစကားဖြင့် "ကျေးဇူးတင်ပါတယ်" ဟု မပီကလာပြောခဲ့သော မိန်းကလေးနှင့် သမီးကိုဖက်၍ ဝမ်းသာဝမ်းနည်း မျက်ရည်လည်ရွဲ ဖြစ်နေသော သူ၏မိခင်တို့က ပရိသတ်၏ နှလုံးသားကို ဖမ်းစားနိုင်ခဲ့၏။

**အပြုနှင့် အဖျက်၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်မှု၊ ခက်ခက်ခဲခဲ ကုသ ကယ်တင်ခဲ့ရသည့်အသက်များနှင့် စက္ကန့်ပိုင်းအတွင်း ပေါက်ကွဲမှုကြီးများနှင့်အတူ အစိတ်စိတ်အမွှာမွှာ ပျက်စီးသွားခဲ့ရသည့် ဘဝများ၊ ငွေကြေးများစွာ အသုံးပြုတည်ဆောက်နေသည့် လမ်း၊ တံတား၊ အခြေခံ အဆောက်အဦများနှင့် ငွေကြေးများစွာ အကုန်ခံကာ ခေတ်မီဒုံးလက်နက်၊ ဗုံးများဖြင့် တမင်ဖျက်ဆီးပစ်လိုက်သည့် အဆောက်အဦများ။ တစ်နည်းဆိုသော် ကမ္ဘာ့ဇာတ်ခုံပေါ်မှာပင် တစ်ပြိုင်နက်ဖြစ်ပေါ်နေသည့် အဖြူနှင့် အမည်း ပြကွက်နှစ်မျိုးတွင် မည်သူတွေအကျိုးရှိ၍ မည်သူတွေ အကျိုးထိခိုက်ဆုံးရှုံးနေပါသနည်း**

**စေတနာ့ဝန်ထမ်း ၆၀၀၀ ကျော် မဖွံ့ဖြိုးသေးသောနေရာများတွင် ကျန်းမာရေးကူညီပေး**

ရုပ်ဝန်းနှင့် ပိုးလမ်းအစီအစဉ်မှ ပြည်သူချင်းထိတွေ့ဆက်ဆံမှုကဏ္ဍတွင် ပါဝင်လုပ်ဆောင်နေသော စေတနာ့ဝန်ထမ်း ဆေးကုသရေးအဖွဲ့တွင် တရုတ်ကျန်းမာရေးလုပ်သားများ အပါအဝင် နိုင်ငံပေါင်းစုံမှ စေတနာ့ဝန်ထမ်း ၆၀၀၀ ကျော်ရှိပြီး အာရှ၊ အာဖရိက၊ လက်တင်အမေရိက စသည့် ဒေသများမှ မဖွံ့ဖြိုးသေးသော နေရာများတွင် ဖြန့်ခွဲကာ ကျန်းမာရေးအကူအညီများပေးလျက်ရှိကြသည်။ ယင်းအဖွဲ့တွင် နှလုံးခွဲစိတ်ကုသသည့် ခေတ်မီကိရိယာများ တပ်ဆင်ထားသည့် ရွေ့လျားခွဲစိတ် ကုသရေးယာဉ်၊ မျက်စိ ခွဲစိတ်ကုသရေး လှုပ်ရှားမှုအဖွဲ့ စသည့် ရွေ့လျားကုသရေးလုပ်ငန်းများနှင့် ဆေးရုံသင်္ဘောဖြင့် ကမ်းရိုးတန်းတစ်လျှောက် လှည့်လည်ကုသရေးလုပ်ငန်းများပါဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

ထိုအစီအစဉ် ပြကွက်များကို ကရုဏာ၊ မုဒိတာစိတ်များဖြင့် စိတ်ဝင်တစား ကြည့်ရှုနေမိရင်းမှပင် ကမ္ဘာ့တစ်ထောင့်တစ်နေရာ၌ ဘာသာရေးပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပနေစဉ် ကလေးသူငယ်များပါမကျန် မည်းမည်းမြင်ရာ ပစ်ခတ်သတ်ဖြတ် ဖမ်းဆီးသွားသည့် အကြမ်းဖက်ဖြစ်ရပ်များ၊ ယင်းကို တန်ပြန်လက်စားချေသည့်အနေဖြင့် ကုလသမဂ္ဂ စာသင်ကျောင်းပါမကျန် ဗုံးမိုးရွာ တိုက်ခိုက်မှုဖြစ်ရပ်များကြောင့် လူထောင်ပေါင်းများစွာ သေကျေဒဏ်ရာရမှုများထံသို့ အတွေးစိတ်က ရောက်သွားပြန်သည်။ ထို့အပြင် ကမ္ဘာ့တစ်နေရာ၌ ဆေးရုံသင်္ဘောဖြင့် လူ့အသက်များကို ကယ်တင်နေစဉ် အခြားတစ်နေရာ၌ လေယာဉ်တင်စစ်သင်္ဘောကြီးများအပါအဝင် တိုက်ခိုက်ရေးရေယာဉ်အုပ်စုကြီးများက မြေထဲပင်လယ်ဘက်ဆီ အုပ်ဖွဲ့ချီတက်ကာ စစ်ပြင်နေမှုများကို နှိုင်းယှဉ်ကာ တွေးနေမိသည်။

အပြုနှင့် အဖျက်၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်မှု၊ ခက်ခက်ခဲခဲကုသ ကယ်တင်ခဲ့ရသည့်အသက်များနှင့် စက္ကန့်ပိုင်းအတွင်း ပေါက်ကွဲမှုကြီးများနှင့်အတူ အစိတ်စိတ်အမွှာမွှာ ပျက်စီးသွားခဲ့ရသည့် ဘဝများ၊ ငွေကြေးများစွာ အသုံးပြုတည်ဆောက်နေသည့် လမ်း၊ တံတား၊ အခြေခံအဆောက်အဦများနှင့် ငွေကြေးများစွာ အကုန်ခံကာ ခေတ်မီဒုံးလက်နက်၊ ဗုံးများဖြင့် တမင်ဖျက်ဆီးပစ်လိုက်သည့် အဆောက်အဦများ။ တစ်နည်းဆိုသော် ကမ္ဘာ့ဇာတ်ခုံပေါ်မှာပင် တစ်ပြိုင်နက်ဖြစ်ပေါ်နေသည့် အဖြူနှင့် အမည်း ပြကွက်နှစ်မျိုးတွင် မည်သူတွေအကျိုးရှိ၍ မည်သူတွေ အကျိုးထိခိုက်ဆုံးရှုံးနေပါသနည်း။

အတွေးစ အမျှင်တန်းရင်းမှပင် သံဝေဂများလည်း ရမိပါသည်။ ကမ္ဘာကြီးတွင်ရော ကျွန်တော်တို့မြန်မာပြည်တွင်ပါ အပြုသဘောဆောင် အများအကျိုးရှိသော တည်ဆောက်မှုများ အားကောင်းနိုင်ပါစေ၊ အဖျက်သဘောဆောင် အကျိုးမဲ့သတ်ဖြတ်ဖျက်ဆီးမှုများ လျော့ပါးပပျောက်နိုင်ပါစေဟု ဆန္ဒပြုရင်းမှပင်-

ကမ္ဘာတစ်ဝန်း အေးချမ်းသာယာဖွံ့ဖြိုးနိုင်ရန် ငြိမ်းချမ်းစွာ အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသတည်း။ ။

# ရွှေတိဂုံစေတီတော်(အနောက်ဘက်မုခ်နှင့် ပြည်သူ့ရင်ပြင်ပန်းခြံကြား) မြေအောက်လမ်းကူး လူသွားဥမင် (Underpass) အဆောက်အဦ ရတနာပန္နက်တော်တင်မင်္ဂလာပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (လမ်း/တံတား) က တာဝန်ယူ တည်ဆောက်မည့် ရွှေတိဂုံစေတီတော် (အနောက်ဘက်မုခ်နှင့် ပြည်သူ့ရင်ပြင်ပန်းခြံကြား) မြေအောက်လမ်းကူး လူသွားဥမင် (Underpass) အဆောက်အဦ ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်း၌ပြုလုပ်ရာ အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ စေတိယင်္ဂဏပဝရ သီရိမဟာ ဓမ္မာဂုရု သ. စ . အ ဓမ္မာစရိယ (ဝဋံ္ဍသကာ) ပါဠိပါရဂူ၊ လှရတနာ ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကရေ ဒေါက်တာ ဘဒ္ဒန္တ အဂ္ဂသာမိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်ကြီးများက ရတနာပန္နက်တော်နှင့်ရွှေလက်ရိုက်တော်တို့ကို ပရိတ်နံ့သာရည်များ ပက်ဖျန်း၍ သိဒ္ဓိမင်္ဂလာ ဆင်ယင်ချီးမြှင့်တော်မူကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် **(ဝဲပုံ)**၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရတနာပန္နက်တော်အား စိုက်ထူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

အဆိုပါ မြေအောက်လမ်းကူးဥမင် (Underpass) အဆောက်အဦ တည်ဆောက်ရာတွင် ဥမင်လူသွားလမ်းအကျယ် ၂၃ ပေ၊ အလျား ၄၆၁ ပေ ၉လက်မ၊ ဝင်ထွက်ပေါက် လေးခု၊ ရွေ့လျား စက်လှေကားလေးစင်း၊ မသန်စွမ်းသူများ အသုံးပြုရန် ၁၀ ဦးစီး စက်လှေကား နှစ်စင်းတို့ဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး ဥမင်တည်ဆောက်ပြီးစီးပါက တစ်နာရီလျှင် လူဦးရေ ၁၄၀၀၀ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကာ တည်ဆောက်ကာလမှာ ၁၄ လခန့် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မဲခေါင် - ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေဆိုင်ရာ မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၆

**မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့် ဆန်းသစ်တီထွင်မှုစီမံကိန်း အမျိုးအစားများကို ခွဲခြမ်းစိတ်ဖြာသတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်း၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။** (ယာပုံ)



ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်မှ ချမှတ်ထားသော အမျိုးသားရေး လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အောင်မြင်အောင် ဆောင်ရွက်လျက် ရှိသည်ကို လက်တွေ့ကျကျ အထောက်အပံ့ပြုပေးနိုင်မည့် သုတေသနစီမံကိန်းများကိုသာ အဓိကရွေးရှုဆောင်ရွက်ရန်၊ ယနေ့ဆွေးနွေးပွဲတွင် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေ (MKCF) ဆိုင်ရာ ဦးစားပေးကဏ္ဍများဖြစ်သည့် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံ၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ သဘာဝပတ်ဝန်းကျင်၊ သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများဟူသည့် ကဏ္ဍ ခုနစ်ခုနှင့် စပ်လျဉ်းပြီး ဒေသတွင်းဖွံ့ဖြိုးရေးအတွက် သတ်မှတ်မူဝါဒများနှင့်အညီ ပန်းတိုင်များ ချမှတ်၍ စီမံကိန်းများ ဖော်ထုတ်သတ်မှတ်ရန်၊ အစီအစဉ်များ ရေးဆွဲရန်တို့အတွက် အားလုံးအကြံပြုဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးအတွက် ရေရှည်အကျိုးပြုမည့် သုတေသနစီမံကိန်းများ အောင်မြင်စေရေးအတွက် ဌာနများနှင့် အဖွဲ့အစည်းများအားလုံး တက်ညီလက်ညီဖြင့် ဦးလည်မသုန် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံ့ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝရပ်တည်ချက် ခိုင်မာစေရေးမှသည် မဲခေါင်ဒေသတွင်း၌ ဖွံ့ဖြိုးတိုးတက်ရေးအထိ ရရှိလာသည့် သုတေသနရလဒ်များကို အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်ရေး အလေးထားဆောင်ရွက်ရန်၊ စီမံကိန်းများဆောင်ရွက်ရင်း မဲခေါင်ဒေသတွင်း နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးနှင့် အပြန်အလှန်ဖလှယ်ရေး အကျိုးကျေးဇူးများပါ ရရှိလာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ဇီဝနည်းပညာသုတေသနဦးစီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာနနှင့်အခြားဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သုတေသနပညာရှင်များ တက်ရောက် ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် အမှတ် (၉) ကျောင်းလမ်းရှိ အထက(၉) ၌ မီးလောင်မှုဖြစ်စဉ်မှ တရားခံ တစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

အောက်တိုဘာ ၂၅ ရက် နံနက် ၃ နာရီ ၄၀ မိနစ်တွင် မော်လမြိုင်မြို့ ပန်းဘဲတန်း ရပ်ကွက် အမှတ် (၉) ကျောင်းလမ်းရှိ အထက (၉) ၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက မီးသတ်ယာဉ်ရှစ်စီး၊ ရေသယ်ယာဉ် သုံးစီး၊ အုပ်ချုပ်မှုယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၇ နာရီခွဲတွင် မီးငြိမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အလျား ၉၅ ပေ၊ အနံပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ခံ၊ ပျဉ်ထောင် နှစ်ထပ်ကျောင်းဆောင် အဆောက်အဦ တစ်လုံးနှင့် အလျားပေ ၄၀၊ အနံပေ ၃၀ ရှိ RC နှစ်ထပ် သင်ထောက်ကူအဆောက်အဦ တစ်လုံးတို့ မီးလောင်ပျက်စီးခဲ့ပြီး **(အောက်ဝဲပုံ)** ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ကိုးဆယ့်သုံးသိန်း ခုနစ်သောင်းငါးထောင်ကျပ်ခန့် ဖြစ်ကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ သံသယဖြစ်ဖွယ် အမျိုးသမီးတစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးလျက်ရှိသည်။



မီးလောင်မှုဖြစ်စဉ်ကြောင့် ပျက်စီးသွားသော အဆောက်အဦများအား ပြန်လည် ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် ကျောင်းသူ ကျောင်းသားများအား ကျောင်းပြန်လည်ဖွင့်ချိန်တွင် နှစ်သုတ်တက် စနစ်ဖြင့် အရှိန်မပျက် ပညာသင်ကြားနိုင်ရေး စီစဉ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# AFC Cup ပြိုင်ပွဲ ရှမ်းယူနိုက်တက်အသင်း အဝေးကွင်းတွင် ရှုံးနိမ့်

**ရန်ကုန် အောက်တိုဘာ ၂၆**

၂၀၂၃ – ၂၀၂၄ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အုပ်စု တတိယနေ့ကို အောက်တိုဘာ ၂၆ ရက်က ဆက်လက်ကျင်းပရာ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ဖိလစ်ပိုင်ကလပ် ဆီဘူးအသင်းကို အဝေးကွင်းတွင် တစ်ဂိုး – ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် AFC Cup ပြိုင်ပွဲတွင် ရလဒ်မကောင်းသေးဘဲ ပထမအကျော့ပွဲအားလုံး အရှေးနိမ့်ခဲ့သည်။ ယခုပွဲတွင် နိုင်ပွဲပြန်ရရန် ကြိုးပမ်းသော်လည်း အဝေးကွင်းတွင် အရှေးနိမ့်ခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်ရန် ခက်ခဲသွားပြီဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် မျိုးမင်းလတ် (ဂိုး)၊ အောင်ဝဏ္ဏစိုး၊ ဇွဲခန့်မင်း၊ ရဲမင်းသူ၊ ဟိန်းသီဟဇော်၊ ဇင်ဖြိုးအောင်၊ ရဲရင့်အောင်၊ မတ်ခ်ဆာကီ၊ နန္ဒကျော်၊ မိုတိုဟီရို၊ ဘယ်လိုတို့ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး နိုင်ပွဲမရသေးသဖြင့် ပထမဆုံးနိုင်ပွဲရရန် ပွဲစကတည်းက ကြိုးပမ်းခဲ့ပြီး ၂၉ မိနစ်တွင် မူရာယာမာ၏ ကန်သွင်းမှုမှာ ရှမ်းယူနိုက်တက်ဂိုးသမား မျိုးမင်းလတ်နှင့်ထိပြီး ဂိုးဝင်သွားသဖြင့် ဆီဘူးအသင်း ပထမပိုင်းကတည်းက အနိုင်ဂိုးရခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။

အုပ်စု (F) အခြားပွဲတွင် ကမ္ဘောဒီးယားကလပ် ဖနွမ်းပင် ခရောင်းအသင်းက ဩစတြေးလျကလပ် မက်ကာသာအသင်းကို အိမ်ကွင်းတွင် သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ထို့ကြောင့် ပထမအကျော့ အပြီးတွင် ဖနွမ်းပင်ခရောင်း (ကမ္ဘောဒီးယား) အသင်းက သုံးပွဲကစား ကိုးမှတ်၊ မက်ကာသာ (ဩစတြေးလျ) အသင်းက သုံးပွဲကစား ခြောက်မှတ်၊ ဆီဘူး (ဖိလစ်ပိုင်)က သုံးပွဲကစား သုံးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာ သုံးပွဲကစား သုံးပွဲရှုံးဖြင့် အမှတ်မရသေးပေ။ **ရဲရင့်လွင်**

# ဒုတိယဝန်ကြီး ဦးအေးထွန်း သံဃာတော်နှင့် သီလရှင်များအား Mobile Team အဖွဲ့များဖြင့် အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးထိုးနှံပေးမှု လိုက်လံကြည့်ရှု



**နေပြည်တော် အောက်တိုဘာ ၂၆**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နေပြည်တော် သာသနာရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ရာဇဓာနီ သာမဏေကျော် ကျောင်းတိုက်မှ သံဃာတော် ၃၁ ပါးနှင့် ဝဇိရာနန္ဒ သုဗောဓာရုံ ကျောင်းတိုက်မှ သံဃာတော် ၃၄ ပါး စုစုပေါင်း သံဃာတော် ၆၅ ပါး တို့အား ဥတ္တရသီရိမြို့နယ် ခုတင် – ၅၀ ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် အဖွဲ့မှ အသည်းရောင်အသားဝါ ရောဂါပိုး ရှိ/မရှိ စမ်းသပ်စစ်ဆေးပေးခြင်းနှင့် အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးထိုးနှံပေးနေခြင်းများကို ကြည့်ရှုအားပေးခဲ့ကြပြီး(ဝဲပုံ) သံဃာတော်များအား ဘီပိုး ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းလျှောက်ထားခဲ့ကြသည်။

ထို့အတူ နေပြည်တော် ပျဉ်းမနားမြို့နှင့် လယ်ဝေးမြို့တို့ရှိ စာသင်တိုက်ကြီးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများမှ သံဃာတော်နှင့် သီလရှင်များကိုလည်း Mobile Team အဖွဲ့များက အသည်းရောင်အသားဝါရောဂါပိုး ရှိ/မရှိ စမ်းသပ်စစ်ဆေးပေးခြင်းနှင့် အသည်းရောင် အသားဝါ ဘီပိုး ကာကွယ်ဆေးထိုးနှံပေးခြင်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ သံဃာတော်နှင့် သီလရှင်များအား အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးထိုးနှံခြင်းကို အောက်တိုဘာ ၂၅၊ ၂၆ ရက်တို့တွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ နိုဝင်ဘာ ၂၅၊ ၂၆ ရက်တို့တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၅၊ ၂၆ ရက်တို့တွင် တတိယအကြိမ်အဖြစ်လည်းကောင်း သုံးကြိမ်အပြည့် အခမဲ့ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၆၂၃ တွဲရောင်းချနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၆**
၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်း ပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။



ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲ ၇၅၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၆၂၃ တွဲ ရောင်းချရကြောင်း ထုတ်ပြန်ကြေညာသည်။

ပြပွဲအဋ္ဌမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ ကို ပြည်တွင်းရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သတ်မှတ်တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယင်းကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ ၏ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ကြေညာသွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပုလဲအတွဲ ၃၀၀ နှင့် ကျောက်မျက်အတွဲ ၇၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ဈေးနှုန်းပိုမိုစွာဖြင့် ရောင်းချနိုင်ခဲ့သည်။ ထို့ပြင် ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၄၀၄၅ တွဲကို နေ့ရက်အလိုက် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပြပွဲ ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အနက် ကျောက်စိမ်းအတွဲ ၇၀၂ တွဲကို လည်းကောင်း၊ ပြပွဲဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အနက် ကျောက်စိမ်းအတွဲ ၆၀၁ တွဲကို လည်းကောင်း၊ ပြပွဲ သတ္တမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၇၅၃ တွဲအနက် ကျောက်စိမ်းအတွဲ ၆၂၃ တွဲကို လည်းကောင်း ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ကျောက်စိမ်းအတွဲ ၁၇၉၂ တွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၂၈ ရက်အထိ ပြည်တွင်း ရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | – | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၀၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ – ၁၀ – ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၁၀ ကျပ် | ၂၃၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၂၀ ကျပ် | ၂၄၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၅ ကျပ် | ၂၁၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

# ပြည်သူ့ဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်က အစုပေါ်အမြတ်နှင့် စုဆောင်းငွေပေါ်အတိုးများ ထုတ်ပေး

**သိန်းနီ အောက်တိုဘာ ၂၆**
ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် ပြည်သူ့ဝန်ထမ်းများငွေစုငွေချေးသမဝါယမအသင်းလီမိတက်မှ အစုပေါ်အမြတ်နှင့် စုဆောင်းငွေပေါ်အတိုးထုတ်ပေးခြင်းအခမ်းအနားကို အောက်တိုဘာ ၂၅ ရက်က တွင် အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပသည်။

အသင်းမှ အသင်းသား ၄၉၅ ဦးအတွက် ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာနှစ်အတွက် အစုပေါ်အမြတ်ငွေကျပ် ၁၉၈၀၀၀၀ ၊ ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ် ပထမခြောက်လအတွက် စုဆောင်းငွေပေါ်အတိုးငွေကျပ် ၂၃၃၂၂၅၄၅ စုစုပေါင်းငွေကျပ် ၂၅၃၀၂၅၄၅ ကို အသင်းသားများအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၃၄၀ | ၃၀၂၆၀၀၀ |
| MTSH | ၂၉၅၀ | ၂၉၅၀ | ၈၈၂ | ၂၆၀၁၂၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၅၅၅ | ၉၄၃၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၀ | ၁၃၅၀၀၀ |
| EFR | ၂၁၀၀ | ၂၁၀၀ | ၁၃၂၆ | ၂၇၈၄၆၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၀ | ၄၉၀၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၉၀ | ၁၅၇၅၀၀ |

ညီညီ – စုစည်းသည်




(၅၆) ကြိမ်မြောက် ၁,၀၀၀ ကျပ်တန် အောင်ဘာလေ အွန်လိုင်းသိန်းဆုထီကို (၁.၁၀.၂၀၂၃) ရက်နေ့မှ စတင် ရောင်းချပေးနေပြီး ဆုမဲများကို သီးခြားခွဲ၍ ဖွင့်လှစ်ချီးမြှင့် ပေးသွားမည်ဖြစ်လို့ အွန်လိုင်းမှဝယ်ယူ ကံစမ်းသူများ အနေဖြင့် ထီဆုကြီးများနှင့် ဆုမဲပေါင်းများစွာ ကံထူးနိုင်တော့မည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**နိုဝင်ဘာလ (၁)ရက်နေ့ ထီဖွင့်မည်။**
**ထီဖွင့်ရန် (၅)ရက်သာ လိုတော့သည်။**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)**
**စစ်တွေခရိုင်တရားရုံးတော်၌**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၆**

ရောဝတီဘဏ်အများနှင့် သက်ဆိုင်သောကုမ္ပဏီ **နှင့်** ၁။ ဦးဝင်းထွန်း
လီမိတက်၊ ၎င်း၏ ကိုယ်စားလက်ထောက်ကြီး ၂။ ဒေါ်အေးအေးချို
ကြပ်ရေးမှူး ဒေါ်ခိုင်ခိုင်ဇော် (စစ်တွေဘဏ်ခွဲ)
(တရားလို) (တရားပြိုင်များ)

ရခိုင်ပြည်နယ်၊စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ ကန်တော်ကြီးအကွက်(၁)၊ မေယုလမ်း၊ အမှတ်(၁/က/၁၃)နေ (၁)တရားပြိုင် ဦးဝင်းထွန်း(ဘ)ဦးခင်ဝေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပိုင်ဆိုင်မှုစာချုပ်စာတမ်းများအပ်နှံပြီး ပေါင်နှံရာ၌ ချေးငွေအရင်း၊အတိုး၊ ဒဏ်ကြေးငွေများအပါအဝင် စရိတ်နှင့်တကွ အပေါင်ဒီကရီရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၂၀) ရက်နေ့ (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက် ) နံနက် ၁၀နာရီ အချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက် စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ထဲတွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ အောက်တိုဘာလ( ၂၀ ) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**( စံရွှေသိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**စစ်တွေခရိုင်တရားရုံး**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 5D/2067 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 82W/11437 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မင်းဘူး(စကု)မြို့နယ်၊ လက်ပံတစ်ပင်ကျေးရွာ၊ အမကမှ မူလတန်းပြဆရာမ ဒေါ်သင်းသင်းနွယ် ၈/မဘန(နိုင်)၀၃၁၂၄၃၏ဖခင် ဦးအောင်စန်းနှင့် ဦးအောင်ဆန်း ၈/မဘန(နိုင်)၀၃၀၇၄၆မှာ အမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအောင်စန်း(ခ)ဦးအောင်ဆန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မင်းဘူး(စကု)မြို့နယ်၊ လက်ပံတစ်ပင်ကျေးရွာ အမကမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်တင့် ၈/မဘန(နိုင်)၀၃၀၉၃၁၏ ဖခင် ဦးခင်မောင်ဝင်းနှင့် ဦးမှိုဥ ၈/မဘန(နိုင်)၀၅၁၄၄၈ မှာ အမည်နှစ်မျိုး ဖြစ်သော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခင်မောင်ဝင်း(ခ)ဦးမှိုဥ**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မင်းဘူး(စကု)မြို့နယ်၊ ပင်လယ်သက်ကျေးရွာ၊ အလက(ခွဲ)မှ ဒု-အလယ်တန်းပြဆရာမ ဒေါ်အေးအေးမိုး ၈/မဘန(နိုင်)၀၆၅၂၉၁၏ ဖခင် ဦးကာကာနှင့် ဦးသက်လွင် ၈/မဘန(နိုင်)၀၁၈၈၁၂ မှာ အမည်နှစ်မျိုး ဖြစ်သော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကာကာ(ခ)ဦးသက်လွင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မင်းဘူး(စကု)မြို့နယ်၊ ကံသာကျေးရွာ အမကမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်မာဝင်း ၈/မဘန(နိုင်)၀၃၆၅၄၇ ၏ ဖခင် ဦးမြသော် နှင့် ဦးမြတ်သော် SGU/055472 မှာ အမည်နှစ်မျိုး ဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါ ကြောင်း။

**ဦးမြသော် (ခ)ဦးမြတ်သော်**

### နိုင်ငံကူးလက်မှတ်ပျောက်ဆုံး
ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကျွဲခြံပေကုန်း၊ ရှမ်းချောင်းကျေးရွာနေ မောင်ထူးရန်အောင် (ဘ) ဦးကျော်မြင့် ၁၄/မမန(နိုင်)၀၀၀၁၂၂ ME-875841 ၏ နိုင်ငံကူးပတ်စ်ပို့ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများသည် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပို့ပါရန်။

**ဖုန်း-၀၉ ၆၉၈ ၆၁၆ ၂၄၉**

### နိုင်ငံကူးလက်မှတ်ပျောက်ဆုံး
ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကျွဲခြံပေကုန်း၊ ရှမ်းချောင်းကျေးရွာနေ မရွှေဇင် ၁၄/မမန(နိုင်) ၂၃၂၆၅၉ (ဘ) ဦးခင်စိုး၏သမီး ၏ နိုင်ငံကူးပတ်စ်ပို့ ME-875842 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများသည် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပို့ပါရန်။

**ဖုန်း-၀၉ ၆၉၈ ၆၁၆ ၂၄၉**

### ပတ်စ်ပို့ပျောက်
နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ သစ်ဆိမ့်ပင်ကျေးရွာအုပ်စု၊ ချင်းစုကျေးရွာနေ ဦးဝင်းမောင်၏သား၊ ကျွန်တော် မောင်လမ်းဗိုလ်ဆွေ ၉/တကန(နိုင်)၂၁၄၄၁၀၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၄၉၇၉၉၃၁**

### တစ်ဦးတည်းဖြစ်ပါကြောင်း
နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်နေ ဖခင် ဦးစံသောင်း ၁၂/မရက(နိုင်) ၀၆၈၄၃၈ ၏သမီး ဒေါ်ပြုံးရီ(ခ)ဒေါ်ခင်ပြုံးရီ ၁၂/မရက(နိုင်)၀၆၈၄၃၈သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်ခရိုင်၊လောင်းလုံမြို့၊(ခ)ရပ်ကွက်၊ ကုသိုလ်တော်လမ်းနေ ဦးမြင့်လွင်-ဒေါ်သန်းနွဲ့ တို့၏ သမီးဖြစ်သူ မဇင်ဖြူလွင် ၆/လလန(နိုင်)၀၉၁၂၃၄ သည် မိဘ၏ ပြောဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်၍ ၂-၈-၂၀၂၃ရက်တွင် ၎င်း၏ ဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဦးမြင့်လွင်-ဒေါ်သန်းနွဲ့**

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 4R/7647 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ကော့သောင်း)**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၅၀ယ/၇၂၈၇, Honda Click -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုး ၆/မမန(နိုင်)၁၈၈၄၁၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြိတ်)**

### ကန့်ကွက်နိုင်ပါကြောင်း
ပုသိမ်မြို့၊ အမှတ် (၆)ရပ်ကွက်၊ အကွက်အမှတ် (၁၁၁)၊ လှည်းစုအကွက်၊ ဦးပိုင်အမှတ် (၃၄)၊ ဧရိယာ (၀.၀၈၈) ဧကရှိမြေကို ဦးဘိုးထောင် အမည်ဖြင့် မြေငှားဂရန်(သက်တမ်းတိုး) ချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

### နိုင်ငံသား စိစစ်ရေးကတ်ပြားအမှန်
ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဦးကြည်ဝင်း ISN-၄၆၂၉၀၄ ၏ သားဖြစ်သူ ဦးဝင်းထွန်းလတ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှန်မှာ ၁၂/သဃက(နိုင်)၀၃၅၁၀၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ပန်းတောင်း မြို့နယ်၊ (အထက) ပန်းတောင်းကျောင်း Grade-11 မှ မမေသဇင်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးဝေရန်အောင် ၇/ပတန(နိုင်)၁၀၁၇၈၇ ဖြစ်ပါ ကြောင်း။

**ဦးဝေရန်အောင်**

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 3S/8499 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### တစ်ဦးတည်း ဖြစ်ပါကြောင်း
တောင်ကြီးမြို့၊ အထက(၄)မှ ကျောင်းစောင့် စောအယ်ဘွယ်ဂေး ၁၃/တကန(နိုင်) ၀၁၇၈၂၈ ၏ ဖခင် စောနာမိုး (ခ) ဦးစောနာပိုး(ခ) ဦးစောပိုးဒချာ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 74W/94588,Luojia Super Cup -110 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**(တောင်ကြီး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 60W/10424 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းတိုးဦး ၇/ဖမန(နိုင်)၂၀၄၆၇၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 8K/2711, Sat Kyar Shwe Yee M.P.V, Micro BW/(4x2) (R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်း မော် ၁၂/မရက(နိုင်)၁၅၄၅၀၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ
သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/မာန်ပြေ)၊ မြေကွက်အမှတ် (၁၃၁၁/ခ)၊ ဧရိယာ (ပေ ၂၀ x ပေ ၆၀)၊ မြေကွက်တည်နေရာအမှတ် (၂၂)၊ မာန်ပြေလမ်း (၂၀) အနောက်၊ (၃) မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ (၁) ဒေါ်တင်စိန် (၁၂/သကတ (နိုင်) ၀၃၃၅၉၇)၊ (၂) ဒေါ်မြင့်မြင့်စန်း (TKA - ၀၃၂၀၃၁) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့်စန်း (မိခင်) နှင့် ဦးသန်းအောင် (ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများ ဖြစ်ကြသော ဒေါ်သန္တာအောင် (၁၂/သကတ(နိုင်)၂၀၈၀၁၁)၊ ဦးအောင်ကျော်မြင့် (၁၂/သကတ(နိုင်)၂၀၈၀၁၀)၊ ဒေါ်ဇာခြည်အောင် (၁၂/သကတ(နိုင်)၂၀၈၀၁၂)၊ ဒေါ်အိအိမွန် (၁၂/သကတ(နိုင်)၂၀၈၀၁၃) တို့နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်တင်စိန်တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၈၈၅၃/၂၀၂၃(၁၈-၅-၂၀၂၃)ရသူ ဦးကျော်ကျော်လွင် (၁၂/ကတတ(နိုင်)၀၀၁၇၂၆) ကွယ်လွန်သူ ဦးသန်းအောင် (ဖခင်)နှင့် ဒေါ်မြင့်မြင့်စန်း (မိခင်)တို့တွင် သားသမီးအရင်းများဖြစ်ကြသော မိမိတို့မောင်နှမ (၄)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ကြောင်း အခြားသောသားသမီး မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိကြောင်း၊ မိဘများကွယ် လွန်ပြီးနောက် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အနက်မှ မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်စန်း၏ ပိုင်ဆိုင်ခွင့်အစုအား သားသမီးအရင်းများဖြစ်ကြသော မိမိတို့မောင်နှမ (၄)ဦးကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ဒေါ်သန္တာအောင် + ၃တို့ ကိုယ်တိုင်ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ (၂) စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (ဖခင်) ဦးသန်းအောင်နှင့် (မိခင်) ဒေါ်မြင့်မြင့်စန်းတို့၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားသူသည် သက်ရှိထင်ရှားရှိပြီး၊ အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမပြုသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### တွေ့ရှိပါက အကြောင်းကြားပါရန်
ကျွန်မ ဒေါ်နီလာအေး ပိုင်ဆိုင်သော Suzuki Ciaz၊ ပုလဲဖြူရောင်၊ 5R-1674 ယာဉ်အမည်ဖြင့် အရစ်ကျဝယ်ယူထားသော ကားသည် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်းတွင် ပျောက်ဆုံးသွားပါသည်။ ဤကားနှင့်ပတ်သက်ပြီး ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ပါရန်နှင့် ၎င်းယာဉ်အားတွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဒေါ်နီလာအေး**
**ဖုန်း-၀၉-၄၅၀၀၄၂၂၈၁**

### ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် 67W/5622,Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်ညွန့် ၁၄/ဟသတ(နိုင်) ၂၈၂၀၉၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတ)**

### ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် 16W/83397, Honda Wave-125 ယာဉ် လက်ဝယ်ရှိသူ ဦးရန်နိုင်အောင် ၁၄/အဂပ(နိုင်)၁၇၇၀၇၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတ)**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၃ယ/၃၁၆၉၇,Yin Xing ယာဉ်လက်ဝယ်ရှိသူ ဦးစန်းလွင် ၁၂/ဥကတ(နိုင်)၀၁၃၄၅၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး**
**(လားရှိုး)**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ်28W/40034, Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းစိန်ပွင့် ၁၃/နမတ(နိုင်) ၀၂၁၁၁၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး**
**(လားရှိုး)**

## ဥတုရာသီ တောကိုမှီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)**
**တပ်ကုန်းမြို့နယ်တရားရုံးတော်၌**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂**

| | | |
|---|---|---|
| ၁။ ဒေါ်အေးရှိန် | နှင့် | ၁။ ဒေါ်သန်းအေး |
| ၂။ ဦးအောင်တင်ဝင်း | | ၂။ ဦးမောင်မောင် |
| | | ၃။ ဒေါ်မြင့်မြင့်အေး |
| | | ၄။ ဒေါ်မူမူသန်း |
| | | ၅။ ဒေါ်ခင်ဝင်းသိန်း |
| | | ၆။ ဦးအုံ့မော်ဦး |
| | | ၇။ မန္တေမ |
| | | ၈။ ဒေါ်ဝင်းသန်းမိုး |
| | | ၉။ ဒေါ်ဝင်းသန်းစိုး |
| (တရားလိုများ) | | (တရားပြိုင်များ) |

နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ ခရမ်းစပ်ကုန်းအုပ်စု၊ ခရမ်းစပ်ကုန်း ကျေးရွာနေ ၆။ တရားပြိုင် ဦးအုံ့မော်ဦး (ဘ) ဦးအုံ့ထူး၊ ၇။ တရားပြိုင် မန္တေမ(ဘ) ဦးအုံ့ထူး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုများဖြစ်ကြသည့် (၁)ဒေါ်အေးရှိန်၊ (၂) ဦးအောင်တင်ဝင်းတို့က အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ(၁၃) ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁)ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရွှေရည်ဦး)**
**မြို့နယ်တရားသူကြီး**
**တပ်ကုန်းမြို့နယ်တရားရုံး**

## မွေးသက္ကရာဇ်အမှန်
ဝွမြို့၊ မြို့မရပ်ကွက်၊ ခတ္တာလမ်းနေ ဒေါ်သိင်္ဂီဝင်း ၁၁/ဂမန(နိုင်)၀၃၀၆၀၉ ၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်း စာမေးပွဲအောင်လက်မှတ်အရ ၆-၁၀-၁၉၇၈ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်
ကျွန်မ မမိမိကြီး(ဘ) ဦးမောင်မောင်လေး ၉/မဟမ(နိုင်) ၀၄၂၇၄၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၀၂၉၀**

## မွေးသက္ကရာဇ်အမှန်
ကျွန်တော် ဦးအောင်မြင့်ကျော်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၁/မအန(နိုင်)၀၅၀၅၄၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၆-၁၉၉၅ ဖြစ်ပါကြောင်း။

**ဦးအောင်မြင့်ကျော်**
**၁၁/မအန(နိုင်)၀၅၀၅၄၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း
နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အထက MRTV တွင် တာဝန်ထမ်းဆောင်နေသော ကျွန်မ ဒေါ်မြသူဇာဝင်း ၉/တကန(နိုင်) ၁၁၆၅၄၅ ၏ ဖခင်အမည်မှာ ဦးမြအုန်း(ခ)ဦးမြအုံး ၉/တကန(နိုင်)၀၃၅၈၀၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြအုန်း(ခ)ဦးမြအုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 7R/7484 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညနခရိုင်ရုံး(သာယာဝတီ)**

## အများသိစေရန် အသိပေးကြေညာခြင်း
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဥတ္တရသီရိမြောက်ရပ်) မြေကွက်အမှတ် (ဥ-၅၂၄၆)၊ အကျယ်အဝန်း (၁၀၀.၅x၉၈.၅)ပေ၊ ဧရိယာ(၀.၂၂၇)ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းသူရိန်ထွန်း (၉/မထလ(နိုင်)၂၀၄၀၃၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးမောင်ဌေး(၁၂/ဒဂန(နိုင်)၀၁၀၅၂၆)နှင့် ဒေါ်စိန်စိန်(၁၂/ဒဂန(နိုင်)၀၀၆၇၀၇) တို့က (၂၄-၁၀-၂၀၂၃)ရက်တွင် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့်မြေပေါ်ရှိအကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေများထံသို့ဖြစ်စေ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အပြီးသတ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဦးချစ်ဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၈၈၉)**
**အမှတ်(၇၂၃၂)၊ ကျိုင်းတုံလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊**
**နေပြည်တော်၊ ဖုန်း- ၀၉-၇၉၉၁၂၃၁၀၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ၂၀)**
**မင်္ဂလာတောင်ညွန့်မြို့ နယ်တရားရုံး**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၇**

| | | |
|---|---|---|
| ဦးဖြေမြင့် | နှင့် | ၁။ ဦးရန်ဂါဆာမိ(ခ)ဦးဆွာမိ |
| | | ၂။ဦးလှမြင့် |
| (တရားလို) | | (တရားပြိုင်များ) |

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ မြယာကုန်းလမ်း၊ အမှတ်- ၁၄/၁၆(၃လွှာ)နေ အမှတ်(၁) တရားပြိုင် ဦးရန်ဂါဆာမိ(ခ) ဦးဆွာမိ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု"လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ (၇)ရက် (၁၃၈၅ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၉)ရက်နေ့)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်ကတင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ အောက်တိုဘာလ(၂၆)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

**(အေးသက်မော်)**
**မြို့နယ်တရားသူကြီး**
**မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း
ထီးချိုင့်မြို့ အမှတ်(၁) စံပြရပ်ကွက်နေ ဦးမောင်မောင်၏ သမီး ဒေါ်အမာဆွေ(ခ)ဒေါ်ခင်မာဆွေ ၅/ထခန(နိုင်) ၀၀၁၂၇၅သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
ဟုမ္မလင်းမြို့နယ်၊ (အထက) နောင်ပိုအောင် Grade-8 မှ မောင်ငြိမ်းချမ်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ၅/ဟမလ(နိုင်) ၀၇၂၈၃၃ ဖြစ်ပါကြောင်း။

**ဦးမြင့်လွင်**

## မော်တော်ယာဉ်မှတ်ပုံ တင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 8U/6278, JRA -150,3W ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင် ၁၄/ကကထ(နိုင်)၁၆၇၄၇၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနတိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 6H/2014, 6H/2020 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း
နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂/ပေါင်းလောင်း-၂)မြေကွက်အမှတ်(၆၃၈၊ ၆၃၉)ဟုခေါ်တွင်သော အလျားပေ(၈၀)xအနံပေ(၆၀)၊ ဧရိယာ(၀.၁၁၀)ဧကရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ဒေါ်ယဉ်ယဉ်အေး(ဘ)ဦးခိုပေါင်း ၁/မကန(နိုင်)၀၀၀၈၅၀ အမည်ဖြင့် ချထားပေးသော မြေကွက်အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမင်းကြွယ်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇင်မင်းထိုက် (LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၂၁/၂၀၁၆)**
**ပုရွက်ဆိတ်ကုန်းရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်။**
**ဖုန်း-၀၉-၄၃၀၄၅၉၁၁**

## အများသိစေရန်ကြေညာခြင်း
ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းထွန်းဦး (၁၂/ဥကတ(နိုင်)၀၅၄၅၉၂)၊ ဒေါ်ကြည်ကြည်စိုး (၁၂/ဥကတ(နိုင်)၀၂၄၅၃၄)၊ ဦးညီညီစိုး(၁၂/ဥကတ(နိုင်)၀၅၆၅၀၆) တို့သည့် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ ရန်ကုန်တိုင်းဒေသကြီး၊ တောင် ဥက္ကလာပမြို့နယ်၊ ၆-ရပ်ကွက်၊ ဖြဟ္မစိုရ်လမ်း၊ အိမ်အမှတ်(၃၀၀)ဟုခေါ်တွင်သော၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေ ရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၃၀၀) ဧရိယာစတုရန်းပေ(၂၄၀၀) ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့်ပတ်သက်၍ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၂၃၆/၂၀၁၉) ဖြင့် (၂၃-၁-၂၀၁၉) ရက်တွင် ဦးနေလင်းထွန်း (၁၃/တကန(နိုင်)၁၄၉၆၀၇)သို့ အထူးကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ပါသည်။ ယခုအခါ ထိုအထူးကိုယ်စားလှယ်လွှဲစာသည် လွှဲအပ်ပေးသူများနှင့်လက်ခံယူသူတို့အကြား ဆက်လက်သုံးစွဲရန် မလိုအပ်တော့ပါသဖြင့် အဆိုပါအထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်း ပါကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဒေါ်ဝင်းဝင်းနွယ် | ဒေါ်အိအိခိုင် |
| LL.B, B.A(Business Law) | LL.B (တရားလွှတ်တော်ရှေ့နေ) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၉၂) | (စဉ်-၁၄၀၅၉) |

**အမှတ်(၁၂၂၉)၊ ပင်လုံလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။**
**ဖုန်း-၀၉-၉၈၂၉၃၅၉၉၁**

# ဆီမီး (၉၀၀၀) ပူဇော်ပွဲ ဖိတ်ကြားလွှာ
